

www.burmeseclassic.com
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

၈၉၅.၈၃

နတ်ရှာမိုး
ကြွေ/နတ်ရှာမိုး။ - ရန်ကုန်၊
မေးအောင်မြင်စာပေ၊ ၂၀၁၆။
၁၅၀ - စာ၊ ၁၃.၅ x ၂၁ စင်တီ။

၂၀၁၆ခုနှစ်၊ (ဇူလိုင်လ)၊ အုပ်ရေ(၅၀၀)၊ ပထမအကြိမ်။
ဦး[illegible] မေးအောင်မြင်ပုံနှိပ်တိုက် (မြဲ-၀၀၀၇၇)၊ အမှတ်(၁၄၅)၊ နှင်းဆီခြံလမ်း၊ သုဝဏ္ဏ။
[illegible] မြင်စာပေ (မြဲ-၀၀[illegible])၊ အမှတ်(၇)၊ [illegible]၊ ကျောက်မြောင်း၊ [illegible]။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



အလွမ်းဇာတ်ပေမို့...

တစ်ခန်းရပ်က နာ...

ကမ်းအစပ်က..ရေလှိုင်းလို့..

လေလာတိုင်း..လှိုင်းဖြစ်နေလို့...

တိုင်းဆစ်တဲ့ အချစ်ခရီး

ဖြစ်သမျှ စင်ခံနေရတဲ့..

ရင်နှံ့ရှိတောင် ပါးလျ..

တားသမျှ မညီမှုဖြင့်..

မသင့်တဲ့လူ့ဇာတ်ခုံကို...

ဘယ်ပုံဘယ်လို ကရပါ့မယ်..

ကွယ်......

သောကဗုံတီး...။ ။

www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁)

**"တီ!..** တီ!.."

နောက်ကဟွန်းသံကြောင့် ဆိုင်ကယ်တစ်စီးပါလာမှန်းသိကာ သူ့စက်ဘီးကို လမ်းဘေးကပ်နိုင်သမျှကပ်ကာ နင်းလာခဲ့သည်။ မိုးရာသီဖြစ်၍ အသွားအလာများသော လမ်းအလယ်ခေါင်က ချိုင့်ကာ ရေတင်နေသဖြင့် ဘေးချပြီး နင်းရတာသာ၍ကောင်းသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝူး!. . ဖွမ်း!!. . "

"ဟာ!. . "

သူ့စက်ဘီးကို ကျော်တက်သွားသော ဆိုင်ကယ်၏အရှိန်က ရေအိုင်ကိုနင်းစင်ထားခဲ့သည်။ တစ်ချက်ကလေးတောင် လှည့်ကြည့်မသွားသော ဆံပင်ရှည်ရှည်နှင့် ကောင်မလေးကို အော်ဆဲချင်စိတ်အား မြိုချလိုက်ရသည်။

ပုဆိုး၏ ညာဘက်အောက်တစ်ခြမ်းလုံး နီညစ်ကာသွားသည်။ ဒီနေ့ကမှ ထပ်ချပြီးခင်းသော ဂဝံက နုလို့ထင်သည်။ မိုးရွာသည်နှင့် ပျော်ကာပျစ်ချွဲနေကြသည်။

"တောက်!. . ငါ့နှယ်ကွာ. . . "

နွေဦးတစ်ယောက်တည်း မကျေမချမ်း မြည်တမ်းရင်း စက်ဘီးဒေါက်ချရပ်ကာ သူ့ကိုယ်သူပြန်ငုံ့ကြည့်သည်။ ကြည့်တာပဲရှိသည်။ အိမ်တစ်ခေါက်ပြန်ပြီး ပုဆိုးလဲဝတ်ရုံအပြင် ဘာမှမတတ်နိုင်။ ဒီအတိုင်းကျူရှင်ဆက်သွားလျှင်လည်း လူရယ်စရာဖြစ်ကုန်ပေမည်။

"ဟင်!. . "

ကယ်ရီယာခုံကိုကြည့်မိမှ အလုံးလိုက်မြောက်တက်လာသောဒေါသက လည်ချောင်းဝမှာ တစ်ဆို့ကာသွားသည်။ မျက်လုံးတွေပါ ပြူးလာသည်။ သွားပြီ. . သူ့စာအုပ်ရော၊ အတန်းနှင့်က ခင်မိုးမိုးခဆီက ငှားလာသောစာအုပ်ပါ ရွှံ့ရည်တွေနှင့်



www.burmeseclassic.com

www.burmeseclassic.com



ထူးကုန်သည်။

“ပြဿနာပဲကွာ. . . နဂျီးထူမ စာအုပ်တွေမှ လာဖြစ်ရတယ်လို့၊ တောက်!. . .”

နွေဦး ချုံးချုံးကျအောင်စိတ်ညစ်သွားကာ စက်ဘီးပြန်လှည့်၍ နင်းလာခဲ့တော့သည်။

နွေဦးတို့နေထိုင်ရာ နယ်မြို့လေးမှာ ဆိုင်ကယ်ယဉ်ကျေးမှု ထွန်းကားလာတာ ဆယ်စုနှစ်တစ်စုမက ရှိရော့မည်။ တရုတ်နိုင်ငံလုပ်ဆိုင်ကယ်များ ဈေးပေါပေါနှင့်ဝင်ရောက်လာသည်နှင့်အမျှ ဟိုတစ်ချိန်က စက်ဘီးလောက်သာ အကောင်းစားယာဉ်တစ်စီးအဖြစ် စီးနင်းနေကြသောမြို့လေးက နေ့နေ့ညည တဝေါဝေါ,တဒီဒီနှင့် ဆိုင်ကယ်ဂီတသံ ညံစီကာနေသည်။

အိမ်တိုင်းလိုလို အနည်းဆုံး ဆိုင်ကယ်တစ်စီးတော့ရှိကြသည်။ ဆိုင်ကယ်နှင့် ပို၍ရင်းနှီးလာလို့ပဲလားမသိ. . ဆိုင်ကယ်ကြောင့်ဖြစ်တတ်သော အန္တရာယ်ကို မမှုတော့သလို ရမ်းကားလာပါသည်။ သေကြေကျိုးပဲ့ကြတာလည်း မနည်းတော့ပြီ။

ထားပါတော့ ယောကျ်ားမို့လို့ မူးမူးရူးရူးသောက်စားပြီး ရမ်းကားတယ်ပေါ့။ အခုဟာက မိန်းကလေး. . ၊ မိန်းကလေးမှာမှ အလှပျက်မှာစိုးလို့ ဟဲလ်မက်ဆောင်းမထားဘဲ နက်မှောင်သော ဆံမျှင်ရှည်ကြီးတွေ အိစင်းလွင့်ဖြာနေတဲ့ ကောင်မလေးမျက်နှာကိုတော့ မမြင်လိုက်ရ။ သူမစီးလာသော အဝါရောင်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကယ်လေးနှင့်လိုက်ဖက်စွာ ဖြူဝင်းသော အသားအရည်. . ၊ အရပ်အမောင်းက ကိုယ်လုံးကိုယ်ပေါက်လှမည့် အချိုးအဆက်မျိုး. . . ။

သူ့လိုမိန်းကလေးမျိုးက ဤမျှရမ်းကားတတ်သည်ဆိုလျှင် ကိုယ်မမြင်ရသော စိတ်နေစိတ်ထားက ဘယ်လောက်များ ပုပ်စပ်,မောက်ကြွားနေလိုက်မလဲဟု နွေဦး အငေါ်တူးစွာ တွေးမိသည်။

မခေါ်ချင်မပြောချင်နေ. . ဒီလို အတွင်းဓါတ်ခံ ညံ့တတ်သောလူကို ယောကျ်ားဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ် နွေဦး ခတ်ဝေးဝေး ကရှောင်သည်။ နွေဦးတို့အတန်းထဲမှာလည်း အဲ့သလို ခတ်လွှားလွှားတွေရှိသည်။

ခိုင်သဇင်ထွေးဆိုလျှင် သူ့အဖေက အရာရှိကြီး၊ ကျောင်းအကြိုအပို့ သူမဖခင်၏ မာဇဒါဂျစ်အား ခေါင်းခန်းမှစီးကာ ဒရိုင်ဘာ တံခါးမဖွင့်ဘဲ သူမဘာသာ ဆင်းတာတက်တာမျိုး ဘယ်တော့မှမလုပ်။ အတန်းထဲမှာ စာအတော်ဆုံးဖြစ်ကာ. . မျက်နှာကို မော့်ချီကာထားသည်။ ပညာရဲရင့် ပွဲလယ်တင့်. . ဆိုသောစကားအား အမိပ္ပါယ်လွဲမှားစွာ နားလည်ထားပုံရသည်။

ဘယ်သူမှ သူမလောက် အရှိန်အဝါမရှိ၊ ဂုဏ်ဒြပ်မရှိ သလို အားလုံးကို ခပ်နှိမ်နှိမ်ပင် စီးမိုးကြည့်တတ်သည်။ အတန်းထဲက ယောကျ်ားလေး, မိန်းကလေးတွေ. . . ခိုင်သဇင်ထွေးမှ



www.burmeseclassic.com

www.burmeseclassic.com



ခိုင်သဇင်ထွေး ဖြစ်နေခိုက် နွေဦးမျက်လုံးထဲမှာ အဲ့ဒီမိန်းကလေး အား မျက်ချေးဖယ်သလို ဖယ်ထားသည်။ နှပ်ညှစ်သလို ညှစ် ထုတ်ပစ်ထားသည်။

ခိုင်သဇင်ထွေးလိုပုံစံမျိုး ရွှေဆိုင်ပိုင်ရှင်၏သမီး မြလေးငုံ။ လယ်မြေတွေ၊ ကျွဲနွားတွေ အများကြီးပိုင်သော ယွန်းသဒ္ဒါ။ ပြီး တော့ ကားအုံနာသား ကျော်သီဟ။ နွေဦးတို့နှင့် တစ်ရပ်ကွက် တည်းသား ခင်မောင်ဦးလည်း ထို့အတူ။ သူ့အမေက ရပ်ကွက် ထဲ ငွေတိုးပေးစား၍ ရပ်ကွက်ထဲကလူဆို ခတ်နှိမ်နှိမ်ဆက်ဆံကာ အခြောက်တိုက် မာန်တက်နေတဲ့သူ။

မည်သူမည်သို့ရှိစေ. . နွေဦးကတော့ နွေဦးပင်။ အဖေ က အိမ်မှာဆိုင်ကယ်ပြင်သည်။ အမေက အိမ်မှာပဲ စက်ဆိုင် ဖွင့်ကာ စက်ချုပ်သည်။ ခေတ်မီအမျိုးသမီးအင်္ကျီဒီဇိုင်း အသစ် အဆန်းလေးတွေ ချုပ်တဲ့နေရာမှာတော့ ဒီမြို့လေးမှာ ဘယ်သူ့မှ အမေ့လက်ရာကိုမမီ။ ထို့ကြောင့် အဖေ့ဝင်ငွေ၊ အမေ့ဝင်ငွေနှင့် သားတစ်ယောက်တည်းရှိသော နွေဦးအတွက် အလှုံအပယ်ကြီး မဟုတ်တောင် သင့်တင့်စွာပြည့်စုံပါသည်။

သူ၏အတန်းဖော် အောင်ထူးတို့ မြတ်မိုးတို့ ဘဝနှင့် နှိုင်းစာလျှင် နွေဦးဘဝက ဆောင်းဦးသဖွယ် အေးချမ်းပြည့်စုံ လှပေသည်။ သို့သော်. . နွေဦးစိတ်သဏ္ဍာန်မှာ နိမ့်လို့လည်း ငုံ့ မကြည့်၊ မြင့်လို့လည်း မော့မကြည့်၊ ပင်ကိုယ်အဖြောင့်အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ရှိနေသောစိတ်နှင့်ပင် တစ်မျိုးတစ်စားတည်းထားကာ ဆက်ဆံခဲ့သည်။

ဝင်ငွေနည်း၊ မျက်နှာမွဲသော အောင်ထူးတို့ မြတ်မိုးတို့လိုသူတွေက နွေဦးကိုခင်ကြသည်။

"ဟဲ့သား. . ကျူရှင်မတက်ရဘူးလား"

အမေ စက်ဆိုင်ထဲမှလှမ်းမေး၍ နွေဦးစက်ဘီးပေါ်မှဆင်းပြီး. . .

"ရွှံ့ရည်တွေစိုကုန်လို့အမေ. ."

"ဟင်!. . စက်ဘီးလဲတာလား"

"မဟုတ်ဘူး. . ဒီလိုပဲစင်သွားတာ. ."

အဖြစ်အမှန်အတိုင်းပြောလျှင် အမေ စိတ်အနှောင့်အယှက် ဖြစ်မည်စိုး၍ သာမန်အခြေအနေမျိုးထက်မပိုသော အမူအရာမျိုးနှင့်ပြောကာ စက်ဘီးတွန်း၍ဝင်လာခဲ့သည်။ အဖေကတော့ မျက်မှန်ပေါ်ကနေ တစ်ချက်ကျော်ကြည့်ပြီး ပြင်လက်စဆိုင်ကယ်ကိုပဲ ဆက်၍အာရုံစိုက်လေသည်။

ပေ(၄၀×၆၀)အကျယ်ရှိသော ခြံကွက်လေး၏ အိမ်ရှေ့မျက်နှာစာကွက်လပ်နေရာအား အဝင်လမ်းလေးချန်ကာ လမ်း၏ဘေး ဘယ်ညာနှစ်ဖက်ကို အဖေနှင့်အမေ တစ်ခြမ်းစီယူထားသည်။ မျက်နှာစာအကျယ် ပေလေးဆယ်ရှိသဖြင့် အိမ်အဝင်လမ်း ငါးပေယူသောအခါ သုံးဆယ့်ငါးပေကျန်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အဖေကတော့ ဆိုင်ကယ်တွေနှင့် အလုပ်လုပ်ရတာ ပို ကျယ်ပြန့်၍ ပေနှစ်ဆယ်အပြည့်အလုပ်ရုံထိုးထားသည်။ အမေ ကတော့ စက်ချုပ်ဆိုင်ဖြစ်သဖြင့် ဆယ်ပေပတ်လည်လောက် နေ ရာယူကာ ဆိုင်ဆောက်သည်။ ထို့ကြောင့် အမေ့ဖက်ခြမ်းမှာ လမ်းနှင့်ကပ်လျက် ငါးပေလောက်ပိုပါသည်။ ထိုနေရာလေးကို နွေဦး အပိုင်စားယူထားသည်။

တစ်ခြားမဟုတ်၊ အပင်စိုက်တာဝါသနာပါသော နွေဦး က ထိုမျက်နှာစာလေးမှာ ရွက်လှပင်တွေ ပန်းပင်တွေ ရသမျှ ပွတ်ထိုးကာစိုက်သည်။ အိမ်ခေါင်းနှင့် ခြေရင်းဖက်တွေမှာလည်း ချဉ်ပေါင်၊ ငရုတ်၊ ခရမ်း၊ ကြက်ဟင်းခါးနှင့် ဗူးစင်လေးပါထိုးထား သည်။ နွေဦးတို့အဖိုးက စိုက်ပျိုးရေးသမားစစ်စစ်ကြီးဖြစ်၍ ဖိုးအေ ဗီဇပါလာသည်လားမဆိုနိုင်၊ အားလျှင် သူ့အပင်တွေနှင့်သာ နေ့ နေတော့၍ ဖခင်ဖြစ်သူက. . .

“သားရာ. . မင်းအားနေတဲ့အချိန်လေး အဖေနဲ့လာကူ ရင် ပညာတတ်မှာစိုးလို့လား၊ စိုက်ပျိုးရေးအလုပ်က ပင်ပန်းတယ် ကွ. . လူလေးရ. .”

သို့သော်လည်း နွေဦး၏ဝါသနာနှင့် အမူအကျင့်က ပြောင်းမသွား။ အဖေနှင့်အမေ့ကို ကူညီဖို့ သူဘွဲ့ရမှဖြစ်မည်။ ကျောင်းပြီးလို့ အလုပ်ရ, ဝင်ငွေရလျှင် ပင်ပန်းလှသော မိဘ တွေအား နားစေမည်။ ယခုတော့ သူ၏အားလပ်ချိန်တို့ မိဘ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ပါး၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အိမ်၏ဗာဟီရအလုပ်လုပ်ပြီးလျှင် အပင်တွေနှင့်သာ ရှိနေပါသည်။

လူသည် မွေးရာပါဗီဇနှင့်ဘဝကို အလုံးစုံတည်ဆောက်ခြင်း မဟုတ်သော်လည်း ထိုဗီဇစရိုက်သည် ဘဝ၏တစ်စိတ်တစ်ဒေသ ဆိုတာတော့ ငြင်း၍မရချေ။

နှမျောတွန့်တိုတတ်သော မွေးရာပါဗီဇကြောင့် နောင်အခါ ချမ်းသာကြွယ်ဝလာပြီး ဘာသာတရားအသိနှင့် အလှူဒါနလုပ်ခဲ့လျှင်တောင် စစ်စီစွာလှူတတ်သည်။ ငယ်စဉ်ကတည်းက ကြံ့ခိုင်သောစိတ်နှင့် ခပ်ကြမ်းကြမ်း နေတတ်သောသူသည် အရွယ်ရောက်လာ၍ စစ်သားမဖြစ်ဘဲ အရပ်ဖက်ဝန်ထမ်းအရာရှိကြီးဖြစ်သည်ပဲထား. . ငယ်ဗီဇ လျှော့လို့မရစွာ ခပ်ထန်ထန်နေတတ်ပါသည်။

ထို့ကြောင့်လည်း မွေးသန္ဓေ သေမှပျောက်. . ဟူသော ဆိုရိုးစကား ရှိပုံရလေသည်။

နွေဦးလည်း လူသားတစ်ယောက် ဖြစ်သည့်အားလျော်စွာ မွေးသန္ဓေ(သို့မဟုတ်)မွေးရာပါဗီဇတစ်ခုတော့ ရှိမည်ထင်လေ၏။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂)

**ဆယ်**တန်းကျောင်းသားတွေ အဖြူအစိမ်းတွေဝတ်ပြီး လက်ဘက်ရည်ဆိုင်ထိုင်သော မြင်ကွင်းက ဘယ်လိုမှ အမြင်မတင့်။ ဘယ်ဆရာ၊ ဘယ်ကျောင်းသားမိဘကမျှ မနှစ်မြို့မှန်း သိသိကြီးနှင့် ခိုးဝှက်ကာ လာထိုင်နေကြခြင်းကိုက အသိုင်းအဝိုင်း... 



www.burmeseclassic.com

www.burmeseclassic.com



မြို့ကြီးသားတို့၏ စတိုင်လ်ကို အမီလိုက်နေသော နွေဦးတို့မြို့လေးက ချာတိတ်တွေ ဟုတ်နိုးနိုးအထင်ကြီးကာ အတုခိုးကြသည်။

ဘယ်လိုပဲ ကြည့်မကောင်း၊ မြင်မကောင်းဘူးဟုပဲပြောပြော ကျောင်းမတက်ခင်တစ်ချိန်နှင့် နေ့လယ်ခင်းထမင်းစားချိန်မျိုး၊ ညနေကျောင်းလွှတ်ချိန်မျိုးမှာ ကျောင်းရှေ့လက်ဘက်ရည်ဆိုင်မှာ အဖြူအစိမ်းတွေ ပြည့်နေတတ်လေသည်။ ချစ်စရာကောင်းတာတစ်ခုတော့ ရှိပါသည်။ ကျောင်းချိန်မှာ အတန်းလစ်ပြီး လက်ဘက်ရည်ဆိုင်ထိုင်တာမျိုးတော့ နွေဦးတို့ကျောင်းကဘယ်ကျောင်းသားကျောင်းသူကမျှ မလုပ်ကြချေ။

ဒီမနက်တော့ လက်ဘက်ရည်ဆိုင်သို့ နွေဦးအစောကြီးရောက်နေသည်။ ညက အသည်းအသန် စာထိုင်ကူးနေရသဖြင့် မနက်သုံးနာရီလောက်မှ အိပ်ဖြစ်ကာ နှိုးစက်မပိတ်ထား၍ အတော်ဒုက္ခရောက်သွားသည်။ ပြန်အိပ်လို့လည်းမဖြစ်တော့. .။ ထို့ကြောင့် ရီဝေမူးနောက်စွာနှင့်ပင် ရောက်လာပြီး ကျဆိမ့်တစ်ခွက်နှင့် ငိုင်နေခြင်းဖြစ်သည်။

"ဟာ. . စောလှချည်လား. . နွေဦး"

အောင်ထူးရောက်လာပြီး ဝင်ထိုင်ကာ ဖျော်ခန်းဖက်မျက်နှာလေးမြှင့်ကြည့်ပြီး လက်ထောင်ပြလိုက်သည်။

ထို့နောက်မှ. . .



www.burmeseclassic.com

www.burmeseclassic.com



"မိုးခတော့ မင်းကို အကြီးအကျယ်ဒေါပွနေတယ် ဟော့ကောင်. . "

"ဘာဖြစ်လို့လဲ. . "

"ဟမ်. . မနေ့က မင်း ကျူရှင်မတက်ဘူးလေ၊ Bio စာအုပ်က သူမင်းကိုငှားထားတာဆို. . "

"အင်း. . "

"အေး. . အဲဒါ သူ စာအုပ်မရှိတော့ အကြမ်းတွက်တဲ့စာအုပ်နဲ့ရေးနေတာကို ဆရာတွေ့သွားလို့ ရေလည်ကောတာ ငိုပြီးပြန်သွားတယ်ကွ၊ ဘိုင်အိုဆရာကလည်း မင်းသိတဲ့အတိုင်း သူ့ဘာသာရပ်စာအုပ်ကို အပွန်းအရှဲခံတာမဟုတ်ဘူး၊ ဒီလိုတွေ့ကရာစာအုပ်နဲ့ရေးတော့ မိန်းကလေးမို့လို့ ရှော်လွှတ်လိုက်တာ၊ ငါတို့သာဆို နာပြီကွ. . "

နွေဦး. . စိတ်မကောင်းဖြစ်ခြင်းနှင့်အတူ မနေ့ညနေကရမ်းကားသွားသောဆိုင်ကယ်ကို မြင်ယောင်လာကာ အံကြိတ်လိုက်မိသည်။ ပြီးမှ တစ်ညလုံး အသစ်ပြန်ကူးယူလာသောစာအုပ်ကို လွယ်အိတ်ထဲမှထုတ်ယူကာ စားပွဲပေါ် တင်လိုက်သည်။

ထို့နောက် ခင်မိုးမိုးခကိုယ်တိုင် 'လှသည်'ဟု အသိအမှတ်ပြုထားသော သူ၏လက်ရေးဝိုင်းဝိုင်းလေးတွေနှင့် ခင်မိုးမိုးခ၏နာမည်အား စာအုပ်အဖုံးပေါ်မှာ သပ်ရပ်စွာရေးထိုးလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်မှာပင် မြတ်မိုးရောက်လာပြီး အောင်ထူးနှင့် သူ၏ကြားမှာ ခုံဆွဲကာဝင်အထိုင် စားပွဲခုံစောင်းနှင့် ဒူးခေါင်းရိုးထောက်ထိုးမိ၍ လက်ဘက်ရည်ပန်းကန်လုံး ယိုင်လဲကာ စာအုပ်ပေါ် ဖျော်ခနဲ မှောက်ပေကုန်တော့၏။

"ဟာ!. . သွားပါပြီကွာ. ."

"အာ. . ဆော. . ဆောရီးပါကွာ"

မြတ်မိုး ပြာပြာသလဲတောင်းပန်သော်လည်း နွေဦး၏ မြုံနေသောဒေါသစိတ်က ဝုန်းခနဲ ဖွင့်ထွက်ကာ မြတ်မိုးရင်ဘတ်ကို ဆောင့်တွန်းမိလေသည်။ မြတ်မိုး ပက်လက်လန်ကာ ဖင်ထိုင်ကျသွားသည်။ ထို့နောက်မှ ပြန်ထထိုင်ရင်း. .

"မင်းကွာ. . ဒီလောက်လေးနဲ့များ"

"ဘာ. . ဒါ ဘယ်သူ့စာအုပ်မှတ်လို့လဲ၊ ဟိုနဂျီးထူမ စာအုပ်ကွ. . မင်းသိလား. ."

"ကျွတ်. ."

မြတ်မိုး မကျေမနပ်စုတ်သပ်ညည်းပြီး မျက်နှာတစ်ဖက်လွှဲကြည့်ခိုက် ဆိုင်ထဲသို့ ခင်မိုးမိုးခနှင့် သူမအဖော် ကြည်သာဆွေတို့ ဝင်ရောက်လာကြသည်။

ဒါကို နွေဦးလည်းမြင်သဖြင့် ထူထူပူပူဖြစ်နေရာမှ စားပွဲပေါ်ကစာအုပ်ကို ကပျာကသီယူသိမ်းထားလိုက်သည်။

"ဟဲ့!. . မသာကောင် ဘယ်မှာလဲ ငါ့စာအုပ်. ."



www.burmeseclassic.com

www.burmeseclassic.com



နွေဦး မချင့်မရဲမျက်နှာနှင့် မော့ကြည့်ပြီး . .

"ငါ. . ငါအိမ်မှာမေ့ကျန်ခဲ့လို့ဟ. . အွဲဒါ"

"တောက်. . ငါနင့်ကြောင့် ကျူရှင်မှာ ဘယ်လောက် အရှက်ကွဲခဲ့ရလဲဆိုတာ အောင်ထူးကိုမေးကြည့်စမ်း. ."

"အေးပါဟာ. . အောင်ထူးလည်းအခုပဲ အွဲဒါကိုပြောပြနေတာ၊ စိတ်ချ. . မနက်ဖြန် သေချာပေါက် ပါအောင်ယူလာခဲ့မယ်"

"မရဘူး. . ဒီညနေကျူရှင်ကိုယူခဲ့. ."

"ဒီနေ့ပိတ်တယ်လေ. ."

ခင်မိုးမိုးခ တွေခနဲဖြစ်ပြီးမှ ဟင်းချကာ. . .

"ပြီးရော. . မနက်ဖြန်ယူလာ၊ နောက်ထပ်စာအုပ်ငှားချင်ပါတယ်ပြောလို့ကတော့ ဆောရီးပဲနွေဦး. ."

ပြောပြီး ချာခနဲလှည့်ထွက်သွားသော ခင်မိုးမိုးခကိုလှမ်းကြည့်ကာ နွေဦးပင့်သက်ရှိုက်တော့၏။ ပြီးမှ မြတ်မိုးဘက်သို့လှည့်ကြည့်၍. . .

"ဆောရီးကွာ. . မြတ်မိုး ငါတောင်းပန်တယ်"

"အာ. . ရပါတယ်ကွာ၊ ငါ ဘာမှမဖြစ်ပါဘူး. ."

ထိုစဉ် အောင်ထူးက. .

"နေပါဦး. . မိုးခ မင်းကိုငှားလိုက်တဲ့စာအုပ်က အဖုံးအပြာလေးနဲ့မဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်. . အဲ့ဒီစာအုပ်က မနေ့က ငါကျူရှင်ကိုလာတော့ ဘေးကဖြတ်နင်းသွားတဲ့ဆိုင်ကယ်ကြောင့် ဗွက်ရေတွေစိုကုန်လို့ စာအုပ်အသစ်ဝယ်ပြီး တစ်ညလုံးထိုင်ကူးလာတာ. ."

အောင်ထူး တခိခိရယ်ရင်း. .

"အခု လက်ဘက်ရည်တွေစိုပြန်ပြီပေါ့"

နွေဦး ဘာမှပြန်မပြောပေမယ့် မြတ်မိုးလည်း အခုမှ သဘောပေါက်ပြီး. .

"ငါဝိုင်းကူပေးရမလား. . နွေဦး. ."

"နေပါစေ. . မိုးခအကြောင်း မင်းလည်းသိတာပဲ၊ တော်ကြာ ထပ်ပြီးဂျီကျောင်ကျရင် ငါပေါက်ကွဲမိလိမ့်မယ်. ."

"အဲ့ဒါထက် ဒီနေ့သောကြာနေ့မဟုတ်လား"

အောင်ထူး၏သတိပေးစကားက သူနှင့်မြတ်မိုးအား T.V Channel တစ်ခုကနေ နောက်တစ်ခုဆီ ဖြတ်ခနဲပြောင်းလိုက်သလို ဖြစ်ကာသွားသည်။ နှစ်ယောက်စလုံး အောင်ထူးဘက် လှည့်ကြည့်ပြီး တိုင်ပင်မထားဘဲ သံပြိုင်ရွတ်မိသည်။

"ဟိုလူ. ."

"ဟုတ်တယ်. . သောကြာနေ့တိုင်း လာတတ်တာလေကွာ"

နွေဦးနှင့်မြတ်မိုးတို့ မျက်နှာလေးရှုံ့ကာ ကိုယ်စီပင့်သက်ရှိုက်ကြသည်။ ခဏကြာတော့ နွေဦးက. .



www.burmeseclassic.com

www.burmeseclassic.com



"ငါ. . ဒီလူ့ကိုကြည့်လို့မရတော့ဘူးကွာ. ."

"ဟာ. . မင်းတို့ အရမ်းတွေစွတ်မလုပ်ကြနဲ့နော်"

ကြောက်တတ်သော မြတ်မိုးက စိုးရိမ်တကြီးသတိပေးသဖြင့်. .

"ဒါဆို အဲ့ဒီလူကြီးလာလာကြောင်နေတာကို မင်း ကျေနပ်တယ်ပေါ့. ."

အောင်ထူး ခပ်တန်ထန်မေးတော့ မြတ်မိုး ကိုယ်ကို ဟိုယိမ်းဒီယိမ်းလုပ်ပြီး. . .

"ကျေတော့မကျေနပ်ဘူးပေါ့ကွာ၊ ကိုယ့်ဆရာမပဲဟာ ဒါပေမယ့် ငါကြောက်တယ်ကွ. ."

"ကြောက်ရင် မင်းလွတ်လွတ်နေ"

ထိုအခိုက်မှာပင် ကျောင်းရှေ့သို့ နို့နှစ်ရောင် လင်ခရူဇာအမျိုးအစားကားတစ်စီးရပ်သွားပြီး ကားထဲမှ နွေဦးတို့အတန်းပိုင်ဆရာမဒေါ်ခင်မျိုးဝင်းဆင်းလာသဖြင့် ဆိုင်လုံးပြည့်ပေါက်ပေါက်ဖောက်သလိုဆူညံနေသော ကျောင်းသားတွေ ငြိမ်ကျသွားကာ လှမ်းငေးကုန်ကြသည်။

နွေဦးကြည့်မြင်နေရသလောက် ဆရာမမျက်နှာက ခပ်တည်တည်။ အလုပ်တစ်ခုကို စိတ်မပါဘဲ လုပ်နေရသလိုမျိုး ဝတ္တရားဆန်သောမျက်လုံးတွေက ရှက်ရွံ့မှုတွေနှင့် ရောနှောကာ သိပ်တော့မလှချင်။



www.burmeseclassic.com

www.burmeseclassic.com



ဒါတောင် ကားထဲကထွက်လာသောပုဂ္ဂိုလ်က ဆရာမ ခြင်းတောင်းကို လိုက်ဆွဲပို့ဖို့ကြိုးစားနေသေး၍ ဆရာမ ခတ်မှုန်မှုန် ပြန်ပြောပစ်လိုက်သည်။ ဘာပြောလိုက်သည်တော့မသိ. . အဲဒီ ပုဂ္ဂိုလ် ရှက်အမ်းအမ်းလေးရပ်ရယ်ကာ နှုတ်ဆက်သည်။

ထို့နောက် ကျောင်းဝင်းထဲဝင်သွားသော ဆရာမအား အရသာခံကာ လိုက်ကြည့်နေပြီးမှ ကားထဲပြန်ဝင်ထိုင်ကာ မောင်းထွက်သွားပါသည်။

ကားအဖြူကြီး ဆိုင်ရှေ့မြင်ကွင်းထဲက ပျောက်ကွယ်သွားမှ နွေဦး အသက်ရှူဖို့ သတိရကာ ပင့်သက်နှင့်ရောကာ ရှူပစ်ခိုက်. .

"အဟတ်ဟတ်. . ငါတို့သချ်ာဆရာမက တစ်ကယ့်အငြိမ့်ကြီးကို ငြိထားတာနော်. . "

"အထာပါကွာ. . ပိုင်းနေတာကြီးက အသိသာကြီးပါ"

နွေဦးစိတ်ထဲ ဖျင်းခနဲခံစားလိုက်ရတာတစ်ခုက နောက်ဆုံးအသိစိတ်ပဲဖြစ်လိမ့်မည်။ ထိုင်နေရာမှ ဝုန်းခနဲထရပ်ပြီး ဘေးဝိုင်းမှနှစ်ယောက်ဆီ တစ်ဟုန်ထိုးပြေးဝင်သွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃)

ဆရာမဒေါ်ခင်မျိုးဝင်း၏အတန်းမှ အတန်းသား တစ်ယောက် ဖြစ်ရသည်ကိုတော့ နွေဦး ဂုဏ်ယူပါသည်။ တစ်ကျောင်းလုံးမှာ ဆရာမအချောဆုံးဆိုသည့်ဂုဏ်၊ အပျိုစင်ဆိုသည့်ဂုဏ်၊ အသင်အပြကောင်း၊ သဘောမနောကောင်းသည်ဆိုသည့်ဂုဏ်က နွေဦးတို့လို ကျောင်းသားအချင်းချင်း ပြိုင်ဘက်တင်းသော ဂုဏ်ယူစရာတစ်ခု ဖြစ်လာသည်။ ဘယ်သူမဆို ငြိုယ့်



www.burmeseclassic.com

www.burmeseclassic.com



အတန်းပိုင်ဆရာ/ဆရာမကို အကောင်းထင် အကောင်းမြင်ချင်ကြတာ သဘာဝပင်။ ပြိုင်ဆိုင်မှုကြီးမားသော ကျောင်းသူတွေကြားမှာ သာ၍ဆိုးသေးသည်။ သူ့ဆရာ ကိုယ့်ဆရာ အားနည်းချက်၊ အားသာချက်တွေယှဉ်ကာ စကားနိုင်လုကြသည်။

ဘာမှပြိုင်စရာမရှိလျှင် ဒီနေ့ ငါတို့ဆရာမ ထမင်းချိုင့်က 'ဘာဟင်းနဲ့' ဆိုတာပြိုင်ကြသည်။ ဘယ်လိုပဲပြိုင်ပြိုင် ဆယ်ခါပြိုင် အနည်းဆုံး ကိုးခါနိုင်သော ဆရာမ၏ဂုဏ်ရှိန်သတင်း ကျော်ဇောခြင်းက နွေဦးတို့အတန်းသားအားလုံး အလေးအမြတ်ထားစရာတစ်ခု ဖြစ်လေသည်။

နွေဦး၊ အောင်ထူး၊ မြတ်မိုးနှင့် ခင်မိုးမိုးခ၊ ကြည်သာဆွေတို့က တစ်နှစ်ကျများဖြစ်၍ ဒီနှစ်မှအတန်းတက်လာသော ကျောင်းသားတွေထက်စာလျှင် ဆရာမနှင့်ပိုရင်းနှီးကာ သူတို့အားလုံး ဆရာမကို ပို၍ချစ်ကြသည်။

အားလုံးထဲမှာ နွေဦးကပဲ ပိုချစ်နေလို့လား။ ဒီနှစ် ကျောင်းစဖွင့်ကတည်းက နွေဦး ပြဿနာတော်တော်များနေပြီ။ သူ့ဆရာမကို ဘေးလူဝင်နှောင့်ယှက်ဖို့နေနေသာသာ ကျောင်းက ဆရာလူပျိုတွေ ရစ်သီရစ်သီလုပ်တာတောင် မခံနိုင်။ ဆရာမကလည်းသိပါသည်။ သိ၍ နွေဦးကို အကြိမ်ကြိမ်ခေါ်၍ သတိပေးဆုံးမသည်။ ကိုယ့်ကျောင်းစာကလွဲပြီး ဘာကိုမှစိတ်ထဲမထားဖို့ သေချာနားဝင်အောင်ပြောပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်နောက်ပိုင်း နွေဦး တစ်ခုတော့ပြင်လိုက်သည်။ ဆရာမနှင့်ပတ်သက်၍ သူပြဿနာဖြစ်တိုင်း ဆရာမကြောင့် ဆိုတာ ဆရာမအကြောင်းမပါ။ သူ့ဘာသာ အခြားမကျေနပ်မှု ကြောင့် ဖြစ်ရတာပါဟု ဝန်ခံလာခဲ့သည်။ ပြီးခဲ့တဲ့တစ်ပတ်က ရုပ်တွက်ထဲကလူတစ်ယောက် ဆရာမကိုစကားလိုက်ပြောသဖြင့် နွေဦးနှင့်ထိုလူ ပြဿနာဖြစ်ကြသည်။

ထိုးကြ,ကြိတ်ကြတဲ့အထိ ဖြစ်ကုန်သည်။ နောက်ဆုံး နွေဦး ကျောင်းစည်းကမ်းထိန်းသိမ်းရေးရုံးသို့ ရောက်သွားသည်။ နွေဦးက ဆရာမနှင့်ဖြစ်ရသောပြဿနာကို ထုတ်ဖော်ဝန်မခံသော်လည်း ထိုပြဿနာက စည်းကမ်းထိန်းသိမ်းရေးဆရာရှေ့မှာတင် ဖြစ်သွား၍ ပြင်းပြင်းထန်ထန်အရေးယူတာမျိုး မလုပ်တော့ဘဲ နောက်နောင် ဒီလိုပြဿနာမျိုးမဖြစ်တော့ပါဟု ကိုယ်တိုင်ဝန်ခံကတိ လက်မှတ်ရေးထိုးလိုက်ရသည်။

ဒီနေ့တော့. . .

"ဆရာမရေ. . ဆရာမရဲ့တပည့်ကျော်ကြီးကို ထိန်းရုံးဘက် လွှတ်လိုက်ပါဦး"

ထိန်းရုံးတာဝန်ခံ ဆရာဦးကျော်စိုး အခန်းထဲဝင်လာကာ ပြော၍ ဆရာမ စာသင်ရပ်ကာ အထိပ်တလန့်ကြည့်သည်။

"ဘယ်သူလဲဆရာ. . "

"နွေဦးလေ. . ကျောင်းမတက်ခင်က လက်ဘက်ရည်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်မှာ ဘီခန်းက ထွန်းဇော်နောင်တို့ အောင်ကျော်မိုးတို့နဲ့ ရန်ဖြစ်ကြတယ်ဗျ. . ၊ ထွန်းဇော်နောင်တို့ပြောတာကတော့ ဘာအကြောင်းမှ မရှိဘဲနဲ့ နွေဦးက ဝင်ထိုးတာတဲ့"

ဆရာမ၏အကြည့်တွေ နွေဦးထံ ဖြတ်ခနဲရောက်လာသဖြင့် တစ်ခန်းလုံးကအကြည့်မျက်လုံးတွေ နွေဦးရှိရာ စုပြုံရောက်သွားသည်။

"နွေဦး. . ထစမ်း"

နွေဦးထရပ်ကာ လက်ပိုက်ထားလိုက်သည်။ ရှက်ရွံ့ခြင်း၊ သိမ်ငယ်ခြင်းတွေနှင့် ရောနှောနေသော ဆရာမ၏ ကရုဏာ၊ ဒေါသအကြည့်တွေကြောင့် နွေဦးရင်ထဲမကောင်းစွာ ခေါင်းငုံ့ထားမိသည်။ ဆရာမအတွက် သူဂုဏ်ယူရသလောက် သူ့အတွက် ဆရာမ ဂုဏ်ငယ်စွာ သို့မဟုတ် သိမ်ငယ်ရှက်ရွံ့စရာတွေ ချည်း ပေးနေမိ၍ ကိုယ့်ဘာသာလည်း မကျေမနပ်ဖြစ်ရသည်။

"မင်းဘယ်လိုဖြစ်ရပြန်တာလဲ. . ဟိုတစ်ပတ်ကပဲ ဝန်ခံကတိ ထိုးထားပြီးပြီမဟုတ်လား"

"ဟုတ်. ."

"မင်း. . ကျောင်းမတက်ချင်တော့ဘူးလား"

နွေဦး ပြန်မဖြေ။ ထို့နောက် ဆရာမက ဆရာဦးကျော်စိုးဘက်လှည့်၍. . .

"ခေါ်သွားပါဆရာ. . . လိုအပ်သလိုအရေးယူပါ"



www.burmeseclassic.com

www.burmeseclassic.com



လက်ပိုက်မဖြုတ်ဘဲ အတန်းထဲကထွက်လာပြီး ဆရာဦးကျော်စိုးဘေးမှ ခပ်ကုတ်ကုတ်လိုက်ပါသွားသော နွေဦးအား ဆရာမ အတန်ကြာအောင် မသက်မသာလှမ်းကြည့်နေပြီးမှ အတန်းဘက်သို့ ပြန်လှည့်၏။

"နွေဦး ပြဿနာဖြစ်တော့ အနားမှာဘယ်သူရှိနေသေးလဲ"

မြတ်မိုးက အောင်ထူးကို တံတောင်နှင့်ထိုးလိုက်သည်။

ဒါကို ဆရာမမြင်သဖြင့် အောင်ထူးမနေသာတော့ဘဲ ထရပ်ကာ. .

"ထွန်းဇော်နောင်တို့က. . ဆ. . ဆရာမကို စော်ကားတဲ့စကားတွေပြောနေလို့ နွေဦးနဲ့ပြဿနာဖြစ်. . ဖြစ်တာပါ ဆရာမ"

ဆရာမဒေါ်ခင်မျိုးဝင်းလက်ထဲက မြေဖြူခဲလေး ဖျောက်ခနဲ ကျိုးသွားပြီး ပင့်သက်တစ်ချက်အား ရှိုက်သွင်းသည်။

ထို့နောက် မြေဖြူပိုင်းတွေကို စားပွဲပေါ်က စက္ကူပုံးလေးထဲ ခတ်ဆောင့်ဆောင့် ပစ်ထည့်ကာ ဆရာမထိုင်ခုံမှာ ခဏကြာအောင် ငူငူငေးငေး ဝင်ထိုင်နေလိုက်သည်။ ပြီးမှ. .

"ပုစ္ဆာတွက်. . ဆက်တွက်ထားလိုက်. . မော်နီတာ"

"ရှိ. . ဆရာမ"

"အတန်းခဏထိန်းထား"

ထိုသို့ပြောပြီး အတန်းထဲမှထွက်ခွာသွားသော ဆရာမကို



www.burmeseclassic.com

www.burmeseclassic.com



အောင်ထူးလှမ်းကြည့်ကာ လေသံနှင့်. .

"မြတ်မိုး ဟရောင်. . ဆရာမ ထိန်းရုံးကိုလိုက်သွားတာ ထင်တယ်"

"လိုက်သွားလည်း မမီတော့ဘူးကွ၊ ခုလောက်ဆို ဟို ကောင် အန္တရာခံနေရပြီ"

မြတ်မိုးတွက်တာ မှန်ပါသည်။ ထိန်းရုံးသို့ ဒေါ်ခင်မျိုးဝင်း ရောက်သွားချိန်မှာ နွေဦးကြိမ်ဒဏ်အပြစ်ပေးခံနေရသည်။

အခန်းဝမှာ ဒေါ်ခင်မျိုးဝင်းကို မြင်လိုက်ရ၍ ထွန်းဇော် နောင်နှင့် အောင်ကျော်မိုးတို့ ထိပ်ထိပ်ပြာပြာ ဖြစ်ကုန်ကြသည်။

အခြေအနေအမှန်ကို ဒေါ်ခင်မျိုးဝင်း သဘောပေါက် လိုက်ပါသည်။ သို့သော်လည်း အတန်းမတူတာကလွဲလို့ အား လုံး တပည့်တွေချည်းဖြစ်၍ နွေဦးအတွက် စိတ်မကောင်းဖြစ်စွာ လှည့်ပြန်လာခဲ့တော့သည်။

စာသင်ချိန်မကုန်ခင် နွေဦး အတန်းထဲပြန်ရောက်လာသ ဖြင့် ဒေါ်ခင်မျိုးဝင်းက. .

"အားလုံး စာအုပ်သိမ်းပြီးနားထောင်ကြ. ."

တစ်ခန်းလုံးငြိမ်ကာ ဆရာမထံ အကြည့်ရောက်သွားကြ သည်။

"ပထမဦးဆုံး ဆရာမ ပြောချင်တာက. . တပည့်တင် ယောက်အနေနဲ့ ကိုယ့်ဆရာသမားအပေါ် ဂရုစိုက်တာ၊ ထေနိုဖိုး



www.burmeseclassic.com

www.burmeseclassic.com



ထားတာကို ဆရာမ ကျေးဇူးတင်တယ်၊ ငါ့တပည့်တွေ ငါ့ကိုချစ်ကြတာပဲဆိုတဲ့စိတ်နဲ့ ဂုဏ်ယူကျေနပ်တယ်၊ ဒါပေမယ့် သားတို့သမီးတို့ နားလည်မှု လွဲနေတယ်. .၊

ဘုရားရှင်ကိုယ်တော်မြတ်ကြီး ပရိနိဗ္ဗာန်စံဝင်ချိန် နီးတဲ့အခါ စကြဝဠာတိုက်တစ်သောင်းမှာရှိကြတဲ့ လူနတ်ဗြဟ္မာသတ္တဝါတွေဟာ မြတ်စွာဘုရားသီတင်းသုံးရာ ကသိနာရုံဆီစုဝေးရောက်ရှိလာကြတယ်. .၊ သုံးလောကထွဋ်ထား မြတ်စွာဘုရားကို နောက်ဆုံးဖူးမြင်ရခြင်း၊ ပူဇော်ရခြင်းပဲဆိုပြီး သူ့ထက်ငါအလုအယက်ပူဇော်သမှု ပြုကြတယ်၊ ပန်းပေါင်းစုံ, နံ့သာပေါင်းစုံနဲ့ပေါ့၊ တစ်ချို့ကလည်း ခြေဆုပ်လက်နယ်ပြုကြ၊ ငိုကြွေးမြည်တမ်းကြ၊ ယူကျုံးမရဖြစ်ကြနဲ့ ရှိနေချိန်မှာ. . ဘုရားရှင်ကို အလုပ်အကျွေးပြုကြတဲ့ ရဟန်းတွေထဲက ရဟန်းနှစ်ပါးက ဒီလိုမျိုးအတွေးအကြံ ဖြစ်တယ်. .၊

ငါတို့အားထားကိုးကွယ်ရတဲ့ မြတ်စွာဘုရားဟာ မကြာမတင်ခင်မှာပဲ ပရိနိဗ္ဗာန်စံဝင်တော့မယ်၊ ငါတို့ခုချိန်ထိ ရဟန်းကိစ္စမပြီးကြသေးပါလား၊ ဘုရားရှင်သက်တော်ထင်ရှားရှိနေစဉ်မှာတောင် ငါတို့မဖြစ်မြောက်သေးရင် နောင်ဘယ်တော့မှ ဖြစ်မှာမဟုတ်ဘူးလို့တွေးပြီ အဲ့ဒီရဟန်းနှစ်ပါးဟာ ဘုရားရှင်ရဲ့အနီးအပါးမှခွာပြီး အေးချမ်းလွတ်ငြိမ်းတဲ့နေရာတစ်ခုမှာ တရားအားထုတ်ကျင့်ကြံနေကြတယ်. .၊



www.burmeseclassic.com

www.burmeseclassic.com



ဒါကို အခြားတစ်ပါးသော ရဟန်းသံဃာတွေ မြင်တော့ ကြည့်စမ်း. . ဒီရဟန်းတွေ ကျေးဇူးမသိတတ်လိုက်တာ၊ ဘုရားတောင် ပရိနိဗ္ဗာန်မပြုရသေးဘူး. . သင်တို့က ရှောင်ခွာနေကြပြီ၊ တာဝန်မဲ့လိုက်တာ. . လို့ဆိုတယ်၊ ဘုရားရှင်ကိုလည်း လျှောက်ကြတယ်. .၊ဒါကို ဘုရားရှင်က. . .

ချစ်သားတို့. . အဲ့ဒါမှ ငါဘုရားရဲ့ကျေးဇူးကို ဆပ်ခြင်း အစစ်ဖြစ်တယ်၊ ငါဘုရားကို ချစ်ခင်ကြည်ညိုစိတ်ကြောင့် အနီး အပါးခစား ဝတ်ပြုရုံ၊ ပန်းဆီမီးနဲ့သာအလှူပြုရုံနဲ့ မပြည့်စုံ မပြီး မြောက်ဘူး၊ ငါဘုရားရဲ့အဆုံးအမအတိုင်း နေထိုင်ကျင့်ကြံ အားထုတ်ခြင်းကသာ ကျေးဇူးဆပ်ရာ၊ ချစ်ခင်ကြည်ညိုရာ အစစ်ဖြစ်တယ်လို့ ဆုံးမတော်မူတယ်. .၊

အဲ့ဒီတော့ သားတို့သမီးတို့လည်း ဆရာမကို ချစ်တယ်ဆိုပြီး ဂရုစိုက်ပေး၊ ကွာကွယ်ပေးရုံနဲ့ ချစ်ရာမရောက်ဘူး၊ ဆရာမရဲ့ဆန္ဒက တပည့်အားလုံးကို ပညာတတ်စေချင်တယ်၊ အဲ့ဒါကြောင့်လည်း ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ သွန်ချပြီး သင်ပေးနေတယ်၊ ယဉ်ကျေးလိမ္မာအောင်ဆုံးမတယ်၊ တကယ် ဆရာမကို ချစ်တယ်ဆိုရင် ဆရာမရဲ့ဆန္ဒနဲ့ စေတနာကိုနားလည်ပြီး အဲ့ဒီ အတိုင်း ကြိုးစားအားထုတ်ရမယ်၊ သားတို့သမီးတို့ တစ်နှစ် တစ်တန်း မှန်မှန်အောင်အောင်ကြိုးစားတာ၊ အဆုံးအမကို နာပြီး လိမ္မာယဉ်ကျေးကြတာဟာ ဆရာမကိုချစ်တဲ့ချစ်ခြင်း အစစ်



www.burmeseclassic.com

www.burmeseclassic.com



အမှန်ပဲ၊ အဲ့ဒီအတိုင်းနားလည်ပြီး ကြိုးစားကြပါ၊ ဟုတ်ပြီလား. . ”

“ဟုတ်ကဲ့ပါ ဆရာမ”

အတန်းချိန်ပြည့်သွား၍ ဆရာမ အတန်းပြောင်းသွားမှ အောင်ထူးက. . .

“အခြေအနေဘယ်လိုလဲ နွေဦး၊ ဆရာမ ဘာပြောလဲ”

“အခုပြောသွားတာ မင်းမကြားဘူးလား”

“မဟုတ်ဘူးလေကွာ. . ထိန်းရုံးမှာပြောတာ”

“လိုက်လာလို့လား”


“သြော်. . မယုံရင် မြတ်မိုးမေးကြည့်”

နွေဦး မမေးတော့ပါချေ။



www.burmeseclassic.com

www.burmeseclassic.com



မချစ်မကောင်း

ချစ်မကောင်းဟု...

ချစ်ကြောင်းစုံလင်

ချစ်စုံမြိုင်မြင့်

ချစ်သင့်ချစ်ကြ

ချစ်မဝပြီ...

ချစ်မှချစ်ဝဲ

အချစ်ဖွဲ့ကြောင့်

ချစ်သူဆဲလည်း ခံတော့မည်ပြီ...။ ။

www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၄)

မနေ့က အိစိမ့်နေအောင်ခံထားရ၍ ဒီမနက် အိပ်ရာထဖို့ အတော်ကြိုးစားယူရသည်။ လက်သံပြောင်လှသည့် ဆရာဦးကျော်စိုး၏ ထားဝယ်ကြိမ်လုံးပူးက ဒီမနက်မှ ပို၍သိသာသည်။ ကျောင်းသားအချင်းချင်း ရန်စထိုးကြိတ်မှုက ငါးချက်၊ ထိန်းရုံး၌ ကိုယ်တိုင် ကတိဝန်ခံမှုအား ဖောက်ဖျက်သည့်အပြစ်က ငါးချက်၊ ထိန်းရုံးမှ ထုတ်ပြန်ထားသည့် စည်းကမ်းချက်အရ ကတိဖောက်



www.burmeseclassic.com

www.burmeseclassic.com



ဖျက်လျှင် ကျောင်းမှထုတ်ပယ်ခံရမည်ကို အသနားခံ၍ ဆက်လက်ကျောင်းတက်လိုလျှင် ငါးချက်၊ စုစုပေါင်း ဆယ့်ငါးချက်ဖြစ်ကာ တစ်နေရာတည်းမှာရိုက်လျှင် ပြတ်သက်ထွက်ကုန်မည်စိုး၍ ထိန်းရုံးဆရာက စေတနာထားကာ မျှရိုက်ပေးပါသည်။ ထိုအခါ တင်ပါးမှာငါးချက်၊ ပေါင်မှာငါးချက်၊ ခြေသလုံးမှာငါးချက် ဖြစ်သွားသည်။

သူ အိမ်ဘေးရေကန်သို့ စက်ရုပ်ခြေထောက်လို တောင့်တောင့်ကြီးလျှောက်ကာ ရေကန်သို့ရောက်သွားခိုက် အမေက. .

"သားရေ. . ဒီနေ့ကျောင်းပိတ်တယ်မဟုတ်လား"

"ဟုတ်. . အမေ"

"အေး. . မင်းအဖေ ကိုယ်တွေလက်တွေနာပြီး အိပ်ရာမထနိုင်ဘူးဖြစ်နေတယ်၊ စားသောက်ပြီးရင် အလုပ်ရုံထဲ သွားထိုင်ပေးလိုက်ပါဦး"

"ဟုတ်. ."

ဒီလောက်ကတော့ ပြဿနာမရှိ၊ ပြင်ပြီးသားဆိုင်ကယ်လာရွေးလျှင် ပေးလိုက်၊ ပြင်ဖို့လာလျှင် လက်ခံထားလိုက်ရုံ ဖြစ်သည်။ မပြင်တတ်သော်လည်း မျက်စိရည်နားရည်ဝနေ၍ အဖေပစ္စည်းဝယ်ထွက်တဲ့အခါမျိုး၊ ရန်ကုန်တက်တဲ့ရက်မျိုးမှာ သူဝင်လုပ်ပေးနေကျ ဖြစ်သည်။

ထို့ကြောင့် ကိုယ်လက်သန့်စင်ပြီး ထမင်းကြော်စားကာ



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ရုံထဲသို့ ကော်ဖီတစ်ခွက်နှင့် ရောက်လာခဲ့သည်။ ဒီအတိုင်း ငုတ်တုတ်ထိုင်နေရမည့်အတူတူ ညနေကျူရှင်မှာ ခင်မိုးမိုးခတို့ စာအုပ်ပြန်ပေးနိုင်ဖို့ စာထိုင်ကူးလျှင် အဆင်ပြေသည်ဟု တွေးတာ အိမ်ထဲတစ်ခေါက်ပြန်ဝင်၍ ဗလာစာအုပ်အသစ်တစ်အုပ်နှင့် လွယ်အိတ်ပါယူလာခဲ့သည်။

သူအလုပ်ရုံထဲရောက်တော့ ဆံပင်တိုတိုနှင့်ကောင်မလေးတစ်ယောက် အလုပ်ရုံရှေ့မှာ ရောက်နှင့်နေလေသည်။ မျက်နှာလှလှ၊ အသားလှလှ၊ ကိုယ်လုံးလှလှနှင့် ကောင်မလေးဖြစ်၍ သူတစ်ချက်တော့ ငေးမိသည်။

ထို့နောက်. . ကောင်မလေးက အလုပ်ရုံထဲသို့ဝင်လာတာ. .

"ကျွန်မဆိုင်ကယ် ပြင်ထားတာ ပြီးပြီလားမသိဘူး"

ဒီတော့မှ နွေဦး သတိဝင်လာသလိုမျိုး လှုပ်လှုပ်ရှားရှားဖြစ်ပြီး. .

"နာမည်နဲ့ နံပါတ်, အရောင်, အမျိုးအစားပြောလေ၊ ကျွန်တော်ကြည့်ပေးမယ်. . အဖေနေလို့မကောင်းလို့"

"ဆိုင်ကယ်က ဒီမှာ. . နာမည်က ကြွေ. ."

"ဟာ. . မိုက်တယ်"

ဘာရယ်မဟုတ်ဘဲ နွေဦးလွှတ်ခနဲပြောပြီးမှ ကောင်မလေးတို့ အားနာသွားသလို တစ်ချက်ကြည့်ပြီး စားပွဲအံဆွဲထဲက စာဖွေ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းလက်ခံစာရင်းစာအုပ်ကို ထုတ်ကြည့်သည်။

တွေ့ပါသည်။ ပြင်ပြီးကြောင်း မှင်နီတို့အမှတ်အသား ပြထားကာ ငွေရှင်းပြီး ရေးထား၍. . .

"ရပြီ. . ယူသွားလို့ရပါပြီ. ."

သော့တန်းလန်းရှိနေ၍ သူမ ဆိုင်ကယ်စက်နှိုးကာ အလုပ်ရုံထဲမှ မောင်းထွက်သွားတော့၏။ ဒီကောင်မလေး လှလိုက်တာ ဟူသော အတွေးစိတ်က ရင်ထဲရွေ့ကာကျန်ခဲ့သည်။ နာမည်နှင့် လိုက်အောင် 'ကြွေ'လောက်သည်။

လောလောဆယ်တော့ ခင်မိုးမိုးခ စာအုပ်ပြဿနာ ရှိနေ၍ ရင်ခုန်တာ,ရင်တုန်တာတွေ ဘေးမှာပုံကာ စားပွဲမှာထိုင်လိုက်သည်။ စားပွဲမျက်နှာပြင်တစ်ခုလုံးအား ပုဆိုးအဟောင်းနှင့် သေချာသုတ်သင်ပွတ်တိုက်ပြီးမှ ယူလာသော စာအုပ်အသစ်ကို ချလိုက်သည်။ ကော်ဖီခွက်ကိုလည်း စားပွဲထောင့်နေရာမှာထားကာ လွယ်အိတ်ထဲက ခင်မိုးမိုးခစာအုပ်ကို နှိုက်ယူလိုက်ပါသည်။

ထိုအခိုက်မှာပင် အိမ်ကကြောင်ညိုကြီး စားပွဲပေါ် ခုန်အတက် ကော်ဖီခွက်ကို တိုက်မှောက်ပစ်လိုက်တော့၏။ သူယူလာသော စာအုပ်အသစ်လည်း. . .

"ဟာကွာ. . . သွားပြန်ပြီ. . ."

"သားရေ. ."

"ဗျာ. ."



www.burmeseclassic.com

www.burmeseclassic.com



နွေဦး ကော်ဖီမှောက်ကျသွားသော စာအုပ်ကို စိတ်ပျက်လက်ပျက် ပစ်ချထားခဲ့ကာ အိမ်ထဲပြန်ဝင်လာခဲ့သည်။ ညှိခန်းထဲမှာပင် အမေဖေရော အမေ့ကိုပါ တွေ့ရသဖြင့် သူဝင်လာကာ. .

"အမေ ခေါ်လား. ."

"အေး. . သား၊ ဟိုဘက်ခြံက ဆေးဆရာအဘကို သွားခေါ်ပေးစမ်းပါ"

"ဟာ. . အဖေ့မျက်နှာလည်း ဖြူဖတ်နေတာပဲ ဆေးခန်းသွားရင် မကောင်းဘူးလားအမေ သားလိုက်ပို့မယ်လေ"

"အို. . ဒီကလေးနှယ် အမေခိုင်းတာကိုလုပ်စမ်းပါ။ မင်းအဖေ ဘာမှမဖြစ်ဘူး. . ဆေးပြတ်သွားလို့"

"ဟင်. . ဘာဆေးလဲ"

"ဟာ. . အဖေကြီးရာ ဘာတွေပြောနေမှန်းမသိဘူး၊ ကဲသား. . ခိုင်းတာမြန်မြန်လုပ်၊ သွား. . ဆရာကြီးပဲ ခေါ်လာခဲ့"

နွေဦး စောဒကတက်မနေတော့ပဲ တစ်ဖက်ခြံက ဆေးဆရာကြီးဆီ အပြေးအလွှား ထွက်လာခဲ့ရသည်။ ဒီရက်တွေမှာ အလုပ်ကလည်းကျသဖြင့် အဖေပင်ပန်းသည်။ တစ်ကယ်ဆို အဖေ့ပညာကို သူတတ်အောင်သင်ပြီး အဖေ့ကို ကူနိုင်လျှင်. .

"အဘရေ"

"ဟော. ."

"အိမ်ကိုခဏလောက် ကြွပေးပါဦး၊ အဖေ ဘာဖြစ်မှန်း

www.burmeseclassic.com



မသိဘူး၊ မျက်နှာလည်းဖြူဖတ်ဖြူရော်နဲ့”

“ဟုတ်လား . . အေး . . ငါသိတယ်၊ စိတ်မပူနဲ့ အဘဆီက ဆေးတစ်ခွက်ဝင်တာနဲ့ ကောင်းသွားလမ့်မယ်၊ ကိုင်းကိုင်း . . ရော့ . . အဲ့ဒီ ဆေးအိတ်ယူသွား၊ ငါလိုက်လာခဲ့မယ်”

“ဟုတ် . .”

ဝေဖြိုး ဆေးအိတ်ဆွဲကာ အပြေးပြန်လာခဲ့ပါသည်။

ဟုတ်သည်၊ လုပ်ချင်တာထက် လုပ်သင့်တာကို လုပ်ရမည်၊ ငါ့အဖေဆီက စက်ပြင်တဲ့ပညာ သင်မှဖြစ်တော့မည် . . ဟုတွေးကာ ခတ်သွက်သွက် လျှောက်လာခဲ့တော့၏။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၅)

“ဒါက ဘယ်လိုဖြစ်တာလဲ”

“မေးမနေနဲ့ သုံးကြိမ်မြောက် အသစ်ပြန်ကူးထားတာ”

ထို့နောက် နွေဦးက လွယ်အိတ်ထဲမှ ခင်မိုးမိုးခ၏စာအုပ်ဟောင်းနှင့် သူအသစ်ပြန်ကူးတိုင်း ပြဿနာရှိခဲ့သော စာအုပ်လေးအုပ်ကိုထုတ်ကာ ခင်မိုးမိုးခရှေ့မှာ ချပေးလိုက်သည်။

ခင်မိုးမိုးခလည်း နားလည်သွားပုံရကာ ပြုံးရင်း. .



www.burmeseclassic.com

www.burmeseclassic.com



"မဆိုးပါဘူး. . နင်တန်ဖိုးထားတတ်သားပဲ"

"မဟုတ်ဘူး. . ငါတော်တော်လေး ပေးဆပ်လိုက်ရတယ်"

"အမလေး. . ဒီစာအုပ်ဖိုးလေးများ"

"စာအုပ်ဖိုးက ငါ့မုန့်ဖိုးကုန်သွားရုံတင်ပါ၊ ငါဒေါသဖြစ်ပြီး ကြောင်ကို လှမ်းကန်လိုက်တာ ကြောင်မထိဘဲ ဆိုင်မှာလာအပ်ထားတဲ့ ဆိုင်ကယ်ကန်မိလို့ လဲပြီး ဒူးကာကွဲသွားတယ်၊ ဆိုင်က ရှူးကေ(စ်)မှန်ဘီရိုလဲ ကွဲသွားတယ်၊ အဖေလည်း ငါ့ကို တော်တော်ဆူပစ်တယ်. ."

"ဒါဆို နင်ငါ့ကိုစိတ်ဆိုးတယ်ပေါ့. ."

"ငါစိတ်ဆိုးတာ သပ်သပ်တစ်ယောက်ပါ၊ သူ့ကြောင့်. . ဒီလို မပြီးနိုင်မစီးနိုင် ပြဿနာတွေတက်ကုန်တာ"

"ဟုတ်လား. . ဘယ်သူလဲ"

"ငါတို့ရပ်ကွက်ထဲကပါဟာ. . ဆိုင်ကယ်စီးတဲ့ ယဉ်ကျေးမှုကို နားမလည်တဲ့မိန်းမ. ."

"ဟဲ့. . နင် မဟုတ်မဟပ်တွေ လျှောက်လုပ်မနေနဲ့ဦးနော်"

နွေဦး ဘာမှပြန်မပြောဘဲ စာသင်ခန်းထဲဝင်သွား၍ ကြည်သာဆွေက. .

"အဲ့ဒီကောင်တော့ ငါကြည့်လို့မရဘူး၊ ဘာကို ဘဝင်မြင့်နေမှန်းကိုမသိတာ. ."

"မဟုတ်ဘူးဟ. .၊ နွေဦးက သူ့ကြောင့် သူများနစ်နာ



www.burmeseclassic.com

www.burmeseclassic.com



သွားမှာကိုမကြိုက်ဘူး၊ သူများကြောင့် သူနစ်နာရင်လည်း ခွင့်လွှတ်တတ်တဲ့အကောင် မဟုတ်ဘူး၊ အဲ့ဒါကြောင့် သတိပေးနေရတာ၊ မနေ့ကလည်း ဘယ်လောက်တောင် အတီးခံထားရလည်းမသိဘူး၊ ကွ,တောင်ကွနေပြီ. . "

"ထိပစေ. . ကိုယ့်ကိုယ်ကို ဟုတ်လှပြီထင်နေတာ၊ အဲ့သလို တီးပေးမှမှတ်မှာ. . "

"အေးပါ. . ထွန်းဇော်နောင်နဲ့နင်က. . ဟင်း. . ငါမပြောချင်ဘူး. . "

"မိုးခနော်. . ငါတို့ကရိုးရိုးပဲ၊ လျှောက်ပြောမနေနဲ့ နင်ပဲနွေဦးကို ဆတ်ဆတ်ထိမခံတာ. . "

"ဘာ. . ဟင်း. . "

ထို့နောက် နှစ်ယောက်သား နှုတ်ခမ်းစူကာ စာသင်ခန်းထဲ ဝင်ကြသည်။ ဒါကို ဘုမသိဘမသိနှင့်အောင်ထူးက. .

"နင်တို့အဝေမတည့်ရင် ငါ adjust လုပ်ပေးမယ်လေ၊ ဘယ့်နှယ့်လဲ"

ခင်မိုးမိုးခနှင့် ကြည်သာဆွေတို့ တစ်ယောက်တစ်ချက်စီ တီးလွှတ်လိုက်ကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





အလင်းရောင်တစ်ပြုံးပြုံးနဲ့...

တို့အိမ်ခေါင်မိုးဆီ

ရှာသွန်းဖြိုးပေါ့...

ဂျိုးဂျိမ်းသံမြည်..

အချစ်နဲ့မိုး

ရိုးဖွဲ့တိမ်ပန်းချီ...

ဝိန်စိကာတေးချင်ပေမယ့်

ဆိုက်ကားသခင် ဝင်ငွေက

အသင်မပြေ ချွေမတိုးတာကြောင့်

ဒီမိုးလည်း ပျစ်ဝိုးကာပါ့မယ်..

ရှင်မရယ်..

နမ်းလျှက်ပြုံအိုး....။ ။

www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၆)

စနေ၊ တနင်္ဂနွေ ပိတ်ရက်နှစ်ရက်စလုံး နွေဦး သူ့အပင်တွေနားတောင် မကပ်နိုင်ဘဲ အဖေ့အလုပ်ရုံမှာ အချိန်ကုန်ခဲ့ရသည်။ အဖေ နှစ်ရက်စလုံး ဆေးခန်းသွားရပြီး ကိုယ်တိုင် မလုပ်နိုင်သဖြင့် အလုပ်ရုံထဲမှာ ပက်လက်ထိုင်ခုံဖြင့်ထိုင်ကာ သူ့ကိုခိုင်းပါသည်။ သူ စိတ်မဝင်စားသော်လည်း အဖေ့အတွက် ကူညီရမည်ဆိုသော အသိစိတ်နှင့် လုပ်ကိုင်ပေးခဲ့သည်။ ဖြစ်ချင်



www.burmeseclassic.com

www.burmeseclassic.com



တော့ တနင်္ဂနွေနေ့ညနေပိုင်းမှာ 'ကြွေ' ဟုခေါ်သောကောင်မလေး ဆိုင်ကယ်နှင့် တစ်ခေါက်ပြန်ရောက်လာပါသည်။ သူမနှင့်အတူ ဆိုင်ကယ်နောက်တစ်စီးနှင့် ကောင်မလေးတစ်ယောက်ပါလာသည်။

"သားရေ. . ဟိုမှာမေးကြည့်ဦးကွ"

"ဟုတ်. ."

သူထွက်သွားပြီး မေးမည်အပြု ကြွေက. .

"ရှင်တို့ပြင်တာသဘောကျလို့ ကျွန်မ သူငယ်ချင်းဆိုင်ကယ်လည်း ပြင်ရအောင်ခေါ်လာပေးတာ"

"ဟုတ်ကဲ့. . ကျေးဇူးပဲ၊ ဆိုင်ကယ်က ဘာဖြစ်လို့လဲ"

ထိုအခါ သူမဘေးကကောင်မလေးက. .

"ဆိုင်ကယ်က အရမ်းအနှိုးထိုင်းတာပဲ. .၊ ဆီလည်းစားတယ်၊ သော့နဲ့မရတော့ နင်းနှိုးရတာလေ"

"ဟုတ်ပြီ. . . အဲ့ဒီတော့ overall tuning လုပ်ချင်တာလား"

"အကုန်ပြင်ပေး. . ကြွေ့ဆိုင်ကယ်လိုပဲ လက်တင်လေးစီးချင်တယ်"

နွေဦး ဆိုင်ကယ်ကိုလက်လွှဲယူကာ အလုပ်ရုံထဲထိုးလိုက်သည်။ ပြီးမှ လက်ခံထုတ်ပေး စာရင်းစာအုပ်ဖွင့်ကာ ဆိုင်ကယ်အရောင်အမျိုးအစားနှင့် လိုင်စင်နံပါတ်ပါ ဖြည့်သွင်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နာမည်"

"ရတနာ"

ထို့နောက် ဖခင်က. .

"သမီးဆိုင်ကယ်ကို လိုတာအားလုံးလုပ်ပေးမယ်၊ ကျသ လောက်ပေါ့. . ဟုတ်ပြီလား"

"ဟုတ်ကဲ့. ."

ထိုစဉ်ကြွေက. .

"ဒီဖက်ဆိုင်က အမျိုးသမီးကော်ကပ်အပ်ချုပ်ဆိုင်လား ဟင်"

"ဟုတ်တယ်. . ဒီမြို့မှာတော့ ကျွန်တော့်အမေလက်ရာ က အကောင်းဆုံးပဲ၊ ခုနေအထည်အပ်မယ်ဆိုရင် အနည်းဆုံး ရက်နှစ်ဆယ်လောက်စောင့်ရမှာ၊ ရှေ့မှာအပ်ထည်စီနီယာက အပြည့်ပဲလေ"

ကြွေက မခို့တရို့လေးပြုံးကာကြည့်၍ နွေဦး ယောင်နန ဖြစ်ကာ လက်ထဲကဘောလ်ပင်ကို ဂွင်းဂွတွေထည့်သော ဗန်းထဲ သွားထည့်သည်။ ထည့်ပြီးမှသတိရကာ စားပွဲအံဆွဲထဲ သွားပြန် ထည့်ပါသည်။

"ဦးလေး ဆိုင်ကယ်က ဘယ်တော့လောက်လာယူလို့ ရမလဲ"

"မနက်ဖြန် ဒီလိုအချိန်ပေါ့၊ အခုပဲ သမီးဆိုင်ကယ်ကို



www.burmeseclassic.com

www.burmeseclassic.com



စတော့မှာလေ. . ”

ထိုအခါ ကြွေက နွေဦးကြားနိုင်ရုံလောက်အသံနှင့်. .

“ဒါဆို ဒီမြို့လေးမှာ ရှင်တို့ဆိုင်ကယ်ပြင်ဆိုင်က အညံ့ဆုံးပဲထင်တယ်. . ”

“ဗျာ!. . ”

“ဟုတ်တယ်လေ. . အပ်ထည် စီနီယာမှမရှိတာ”

“အာ!. . အဲ. . ဟို. . အဲ့ဒါက. . ”

“ဒါပေမယ့် ရပါတယ်၊ ရှင့်လက်ရာကို သဘောကျပါတယ်၊ ကဲ. . ရတနာရေ. . သွားရအောင်”

ကောင်မလေးနှစ်ယောက် ဆိုင်ကယ်နှင့်ထွက်သွားမှ ပင့်သက်ချပြီး. .

“အဖေ သူတို့က ဒီရပ်ကွက်ထဲကပဲလား”

“ဟုတ်တယ်လေ. . အဖေ့မိတ်ဆွေ ကိုထွန်းမောင်ရဲ့တူမက ကြွေဆိုတဲ့ကလေးမပေါ့ကွ၊ ဆယ်တန်းကို သုံးဘာသာဂုဏ်ထူးနဲ့ အောင်ခဲ့တာသားရဲ့. . တော်တဲ့ကလေးမပဲ၊ ကိုထွန်းမောင်ရဲ့သမီးက ဒီနှစ်မှဆယ်တန်းတက်တာဆိုတော့ အဲ့ဒါ သူ့ညီမဝမ်းကွဲအတွက် Guide ဆရာမ လာလုပ်ပေးနေတာလေ”

နွေဦး နားထောင်ရင်း ဆိုင်ကယ်ကို တွေ့ကရာမြင်ရာ ဖြုတ်ချနေပြီးမှ. . .

“ဟာ. . အဖေ သားတော့ ဘာတွေလုပ်မိမှန်းမသိဘူး၊



www.burmeseclassic.com

www.burmeseclassic.com



အခု ဘာဆက်လုပ်ရမှာလဲ”

“ဖြုတ်ပါ. . အဲ့ဒါတွေဖြုတ်ချမှ အထဲကဟာကို ကြည့်လို့ရမှာ. .”

နွေဦး စိတ်ပါလက်ပါဆက်လုပ်နေ၍ ဖခင်ဖြစ်သူ ဦးကျော်ရွှေ ခုံမှအသာအယာထကာ အပ်ချုပ်ဆိုင်ဘက် ကူးသွားသည်။

“အမေကြီးရေ. .”

“ရှင်. .”

“နင့်သားတော့ ဆေးစားမှားပြီထင်တယ်”

“ဘာကိုလဲ”

“ဆိုင်ကယ်ပြင်နေတယ်ဟ. .”

“အမလေး. . လန့်လိုက်တာ၊ အဲ့ဒါ ဘာဖြစ်လို့လဲ”

“ဟေ. . သင်ပါလို့ပြောနေတာ ပါးစပ်တောင်ပုပ်တော့မယ်၊ အခုတော့ စိတ်လိုလက်ရ ထလုပ်နေလို့ပေါ့ဟ. .”

“အလိုလေး. . အခု ရှင်နေမကောင်းဖြစ်နေတာ သူမြင်နေတာပဲ၊ အဲ့ဒါမှ သူဝင်မလုပ်ဘူးဆိုရင် လူဟုတ်ပါတော့မလား၊ ကျွန်မ မွေးထားတဲ့ကလေးဆိုတာလည်း သတိရစမ်းပါဦး”

“အေးနော်. . မယားပါသားမှမဟုတ်တာ ငါ့နှယ်. .”

ဦးကျော်ရွှေ အဲ့သလိုညည်းတွားသံနှင့် ပြန်လှည့်ထွက်သွား၍ ဇနီးဖြစ်သူ ဒေါ်ကျော့မေ ပြုံးပြီး မျက်စောင်းထိုးတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ဆိုင်ကယ်ပြီးပြီလားဟေ့"

နွေဦးလှည့်ကြည့်လိုက်တော့ အောင်ထူးနှင့်မြတ်မိုးတို့ဖြစ်၍ အသံတိတ်ဆဲကာ လက်အိတ်ချွတ်ချထားခဲ့သည်။

"ထူးထူးဆန်းဆန်း စက်ပြင်ဆရာလုပ်နေပါလား၊ မင်းပြောတော့ စိတ်မဝင်စားဘူးဆို"

"ငါ့အဖေနေမကောင်းဘူးကွ၊ အဲ့ဒါကြောင့် ဝင်လုပ်ပေးနေတာ. ."

ထိုစဉ် အလုပ်ရုံထဲ ဦးကျော်ရွှေ ပြန်ရောက်လာသဖြင့် အောင်ထူးတို့ နှုတ်ဆက်ကြသည်။

"ဦးလေး. . သက်သာရဲ့လား"

"အေးကွာ. . ငါကတော့ ဒီလိုပဲပဲဟ၊ ဖင်ထဲအပ်ဝင်မှုပဲနေသာတော့တာ၊ မင်းတို့လည်း ခုမှပဲရောက်တော့တယ်နော်"

"ဟုတ်. . သားတို့ ဒီနှစ်တစ်နှစ်တည်းပြတ်အောင် ကြိုးစားနေတာလေ. ."

"အေး. . ကောင်းတယ်ကွာ ကြိုးစားကြ၊ အခု အလည်သက်သက်လား. . ကိစ္စရှိလား"

"ဟုတ်. . နွေဦးကို ကျူရှင်က လိုက်ခေါ်ခိုင်းလို့၊ ဒီနေ့အချိန်ပိုသင်မယ်ဆိုလို့"

"ဟုတ်လား. . ဒါဆိုလည်း သွားလေသား. ."

နွေဦး မျက်မှောင်လေးကြုံ့၍. .



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ အချိန်ပိုရှိတယ်လို့ ဆရာလည်းမှာမထားပါလား"

"ဟုတ်တယ်. . မနက်ကမှ ကျောင်းစာရေးလိုက်ပြော တာ"

နွေဦးစိတ်ထဲ မတင်မကျကြီးဖြစ်နေသော်လည်း အဝတ် အစားလဲ၊ လွယ်အိတ်ယူကာ ထွက်လိုက်လာခဲ့သည်။

လမ်းလျှောက်လာကြရင်းမှ အောင်ထူးက. . .

"ဆရာခေါ်တာမဟုတ်ဘူးကွ. . မိုးခ ခေါ်ခိုင်းလိုက်တာ၊ အခု လက်ဘက်ရည်ဆိုင်မှာထားခဲ့တယ်"

"ဘာ. . သူက ဘာကိစ္စမို့လို့လဲ"

"အဲ့ဒါတော့ ငါလည်းမသိဘူး မင်းဘာသာမေးကြည့်"

"မြတ်မိုး. . မင်းရောမသိဘူးလား"

မြတ်မိုးနှင့် ခင်မိုးမိုးခက တစ်ရပ်ကွက်တည်းဖြစ်၍ မေး ခြင်းဖြစ်သည်။

"ငါလည်းမသိဘူးကွ. . မနက်က ငါ့ကိုဝင်ခေါ်ပြီး မင်းဆီ သွားမယ်လို့ပြောလို့ ငါလည်း အောင်ထူးပါဝင်ခေါ်ပြီးလာခဲ့တာ"

"အေးကွာ. . နည်းနည်းတော့ထူးဆန်းတယ်"

နွေဦး အတွေးခေါင်ကာသွားသည်။ သူနှင့် ခင်မိုးမိုးခ စတွေ့သည့်အချိန်က လေးတန်းအောင်၍ ရပ်ကွက်မူလတန်း ကျောင်းမှ မြို့ထဲရှိ တွဲဘက်အ. ထ. ကသို့ ပြောင်းကာ ငါးတန်း တက်သောနှစ် တစ်ခန်းတည်းအတူကျပြီး ကျောင်းနှင့်ရက်



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းစတက်သည့် နေ့မှာပင် ထိုင်ခုံလုရင်း စတွေ့ခဲ့ရသူ။

ခုံက ငါးယောက်ထိုင်ခုံတန်းရှည်ဖြစ်ကာ နွေဦးတို့ယောကျ်ားလေးတန်းဖက်မှာ ခုံအပြည့်ရှိနေပြီး မိန်းကလေးတန်းဖက်မှာ တစ်ခုံလိုနေသည်။ ဒါကို ခင်မိုးမိုးခတို့ မိန်းကလေးအုပ်စုက နွေဦးတို့အပြင်ထွက်နေခိုက် ခုံအား အသာဆွဲယူထားလိုက်သည်။ နွေဦးတို့ အတန်းထဲပြန်ဝင်လာတော့ ပြဿနာတက်တော့သည်။ ခင်မိုးမိုးခက အဲ့ဒီအရွယ်ကတည်းက အလည်မ။ ဆရာမကို နွေဦး ဦးဆောင်ပြီးသွားတိုင်၍ ဆရာမက ခင်မိုးမိုးခတို့ကိုခေါ်ပြီးပြောတော့ ခင်မိုးမိုးခက. .

"သမီးတို့က သူတို့ကို ကိုယ့်အစ်ကိုတွေလိုအားကိုးတာပါ ဆရာမရယ်၊ ဘာပဲဖြစ်ဖြစ် ညီမလေးတွေကို ဦးစားပေးမှာပဲလို့ထင်ပြီး ခုံကိုယူထိုင်မိတာပါ. ."

ဆိုတော့ကာ ဆရာမလည်း ခင်မိုးမိုးခစကားနှင့်. . .

"အေးလေ. . သားတို့က ယောကျ်ားလေးတွေပဲ၊ ကဲ. . ကဲ. . စတိုခန်းကဆရာကြီးဆီမှသွား၊ ဆရာမက ခုံရှည်တစ်လုံး ထုတ်ချင်လို့ပါလို့ပြောလိုက် သားတို့ကြိုက်တဲ့ခုံရွေးပြီး သယ်လာခဲ့. ."

ထိုအချိန်အထိ နွေဦးစိတ်ထဲ သိပ်မခံစားရ။ ခင်မိုးမိုးခတို့ လူလည်ကျလိုက်သော်လည်း လူလည်ကျသည်ဟု မတွေးမိသေး။ ကျောင်းပြောင်းလာသော ကျောင်းသားသစ်ဖြစ်နေတာ



www.burmeseclassic.com

www.burmeseclassic.com



ထည်း ပါပါသည်။ (ခင်မိုးမိုးခက အဲ့ဒီကျောင်းမှာပဲ သူငယ်တန်း တတည်းက နေလာခဲ့သူဆိုတာ နောင်အခါရင်းနှီးလာမှသိရ သည်။)

နွေဦးတို့ငါးယောက် စတိုခန်းထဲဝင်ရတော့မှ ပျော်သွား သည်။ အခန်းထဲမှာ စာရေးခုံရော ထိုင်ခုံပါအသစ်စက်စက်တွေ အများကြီး။ ထို့ကြောင့် ငါးယောက်တိုင်ပင်ကာ စတိုခန်းဆရာ ကြီးဆီ အရဲစွန့်၍သွားကြသည်။ စာရေးခုံတန်းရှည်လည်း နဲ့ကာ ထိုင်နေ၍ တစ်လက်စတည်းလဲပေးဖို့ ခွင့်တောင်းကြည့်သည်။

ဆရာကြီးကလည်း သဘောကောင်းစွာ ခွင့်ပြုသဖြင့် နွေဦးတို့ပျော်ပြီး ငါးယောက်ထိုင် စာရေးစားပွဲနှင့် ခုံတန်းရှည် အတွဲလိုက်ကြီးအား တစ်ပျော်တစ်ပါး,မကာ ထုတ်ကြသည်။

အတော်အတန်လေးပင်သည်ကတစ်ကြောင်းကြောင့် အသစ်ယူချ၊ အဟောင်းပြန်ပို့နှင့် လွန်းပျံ,မရွှေ့လိုက်ရသည်က တစ်ကြောင်းကြောင့် အတော်ပင် မောဟိုက်ကုန်ကြသည်။ သို့နှင့် ခုံဟောင်းအား စတိုခန်းထဲပို့ပြီး ခုံသစ်နှင့် ထိုင်ရတော့မည်ဆို သော စိတ်ကြောင့် ရေတောင်မသောက်နိုင်ဘဲ အတန်းသို့အပြေး ပြန်လာခဲ့ကြသည်။

အတန်းထဲဝင်လိုက်သည်ဆိုလျှင်ပဲ နွေဦးစိတ်ထဲ ထောင်း ခနဲဖြစ်ကာ ခင်မိုးမိုးခတို့ဆီ မြေလှမ်းကဲ့ကြီးနှင့်ရောက်သွားသည်။ အကြောင်းမှာ နွေဦးတို့ ခုံဟောင်းသွားပို့နေခိုက် ခင်မိုးမိုးခတို့က



www.burmeseclassic.com

www.burmeseclassic.com



အသစ်အား လဲယူထားလိုက်သောကြောင့်ဖြစ်သည်။

သို့သော် ထိုနေ့မနက်ပိုင်း နွေဦးဘယ်လိုမှမတတ်နိုင်ပါ။ ဘာသာရပ်ဆရာ ဝင်လာသဖြင့် ဒေါ်သကိုမြချကာ စာသင်ချိန် ဝင်လိုက်ရသည်။ (၁၂)နာရီထမင်းစားချိန်အထိ အတန်းချိန် အားလုံး ဘာသာရပ်ဆရာများ ဆက်တိုက်ဝင်နေသဖြင့် လှုပ်တောင်လှုပ်လို့မရ။ ထမင်းစားဆင်းချိန်ရောက်တော့ ခင်မိုးမိုးခတို့ အလည်မအုပ်စု အတန်းထဲမှာပင် အတန်းပိုင်ဆရာမနှင့်အတူ ဝိုင်းဖွဲ့ကာ ထမင်းစားကြသည်။

ထိုအခါမှပင် ခင်မိုးမိုးခကို လူလည်ကျသည်ဟု နွေဦး တွေးမိလေတော့သည်။ ဒေါ်သလည်းဖြစ်မိသည်။ ဘာကိုမှ ဂရု မစိုက်နိုင်ဘဲ ဆရာမဘေးသို့ လက်ပိုက်ကာရောက်သွားသည်။

"ဆရာမ. ."

"အေး. . သားငယ် ပြော"

ပြောဆိုတော့ နွေဦးမပြောဘဲ ခင်မိုးမိုးခကိုလှမ်းကြည့် သည်။ ဆရာမပါ ခင်မိုးမိုးခဆီ အကြည့်ရောက်လာ၍ ခင်မိုးမိုးခ အနေခက်စွာ ခေါင်းငုံ့ကျသွားသည်။ အပြစ်ရှိသူတစ်ယောက်၏ မျက်လုံးမျိုးကို ဆရာမမြင်စေချင်သည့်ပုံစံမျိုး။ ပြီးမှ. . .

"သားညီမတွေကို သားဒီထက်ပိုပြီး အလိုမလိုက်နိုင် တော့ဘူး ဆရာမ. . ."

ဆရာမ မျက်လုံးအပြူးသားနှင့်ဖြစ်ကာ သူ့ကိုစေ့စေ့လှည့်



www.burmeseclassic.com

www.burmeseclassic.com



ခင်မိုးမိုးခတို့ကိုတစ်လှည့် ကြည့်ပြီးမှ ဇွေဦး ဆက်ပြော၏။

"ဆရာမက ခုံသွားလဲပါဆိုလို့ သားတို့သွားလဲကြတယ်၊ စတိုခန်းထဲကနေ ခုံအသစ်ရလာတော့ သူတို့က သားတို့ပြန်မရောက်ခင် လဲယူထားလိုက်ကြတယ် ဆရာမ၊ အဲဒါ သား လုံးဝ မကျေနပ်ဘူး"

"ဟုတ်လား. . ဟဲ့ကောင်မလေးတွေ၊ နင်တို့တော်တော်လူလည်ကျပါလား"

ခင်မိုးမိုးခတို့ငါးယောက် မျက်နှာသေလေးတွေနှင့် ခေါင်းငုံ့ထားကြ၏။

"အေး. . အေး. . သားတို့ခုံ သားတို့ပြန်ယူကြ၊ ဒါတော့ လွန်တာပေါ့. ."

ဒီတော့မှ ဇွေဦးလည်းကျေနပ်သွားကာ သူတို့ခုံသူတို့ ပြန်လဲယူလိုက်ကြသည်။ (နောက်မှသိရသည်မှာ ခင်မိုးမိုးခ ထိုနေ့က ဆရာမကို ကြက်သားကြော်နှစ်တုံး ကျွေးလိုက်သည်ဟုဆိုပါသည်။) ဒါကို ခင်မိုးမိုးခ ကျေနပ်ပုံမရ။ နောက်တစ်နေ့မနက် ကျောင်းသို့အစောကြီးလာပြီး ခုံမှာဆော့ပင်ဖြင့် 'ဇွေဦး မသာကောင်' ဟုရေးသွားခဲ့ပါသည်။ ဒါလည်း ရှစ်တန်းနှစ်ရောက်မှ ခင်မိုးမိုးခကိုယ်တိုင် ပြန်ပြောပြ၍ သူသိရခြင်းဖြစ်သည်။

မည်သို့ဆိုစေ ငါးတန်းနှစ်မှ ဆယ်တန်းနှစ်အထိ တစ်ခန်းတည်း,တစ်တန်းတည်း အတူတက်လာခဲ့ရ၍ ကလေးဘဝအရွယ်

www.burmeseclassic.com



ကို ကျော်လွန်လာခဲ့သည်နှင့်အမျှ အရွယ်ကပေးသောအသိနှင့် ကလေးဆန်သောစိတ်ကို ဖယ်ရှားလာနိုင်ခဲ့ကြသည်။ အပြန်အလှန် နားလည်မှုထားကာ ခင်မင်လာခဲ့သည်။ သို့သော် အသန့်အပြန့်ကြိုက်ပြီး နည်းနည်းဇီဇာကြောင်ကာ ခင်ကြီးကျယ်လုပ်တတ်သော ခင်မိုးမိုးခကို သူ့စိတ်နှင့် သိပ်ပြီးဘဝင်မကျတာတော့ ဝန်ခံရပေမည်။

ဆရာမက စာအုပ်တွေအဖုံးဖုံးလာခဲ့ဟုမှာလျှင် ခင်မိုးမိုးခက ကြွေစက္ကူဟုခေါ်သော ကတ္တူစက္ကူ အကောင်းစား...နှင့် ဖုံးလာ၍ ပြက္ခဒိန်စက္ကူအညံ့စားလောက်သာ ဖုံး...သော သူ့စာအုပ်နှင့်နှိုင်းယှဉ်ကာ အဆူခံရတာမျိုးရှိ၍ ကြည့်လို့မရ။

နှစ်ယောက်ယှဉ်ပြီးစကားပြောလျှင် သူတစ်ပါး၏ခံတွင်းနံ့ကို မခံနိုင်သလိုမျိုး လက်ကိုင်ပုဝါလေးအုပ်ကာပြီး မျက်ခုံးလေးရှုံ့ကာ နားထောင်တတ်သော ခင်မိုးမိုးခပါးစပ်က ကြက်သွန်ဖြူနံ့တော့ အတော်နံ့ပါသည်။ တုတ်ထိုးစားပြီးမှ ပါးစပ်ကထွက်လာသောအနံ့မျိုးဖြစ်သည်။

သွားဘယ်လောက်တိုက်တိုက် ပင်ကိုယ်က ဝါတာတာဖြစ်နေသော အောင်ထူး၏သွားတွေကိုကြည့်ပြီး ကဲ့ရဲ့တတ်သော ခင်မိုးမိုးခ၏သွားကြားမှာ ငြုပ်သီးစိမ်းဖတ် ကပ်နေတာမြင်ရတော့ ရယ်ချင်သည်။

လူသည် အဘယ်မျှပင် အနေအထိုင်ညစ်ပတ်သည်ဆို...



www.burmeseclassic.com

www.burmeseclassic.com



စေဦးတော့ ရှုးသွပ်နေသည်မဟုတ်လျှင် ကိုယ့်အနံ့ကိုယ်မခံနိုင်လောက်အောင် နေတတ်သူ ရှားပါသည်။ ကိုယ့်နည်းကိုယ့်ဟန်နှင့် တစ်ကိုယ်ရည်သန့်ရှင်းမှုတော့ လုပ်ကြသည်။

ဒီခေတ် တစ်ကိုယ်ရည်သန့်ရှင်းမှုက ငွေကြေးနှင့်လည်း ဆိုင်ပါသည်။ ငွေများများသုံးနိုင်သူအဖို့ များများသန့်ရှင်းနိုင်ဖို့ အခွင့်အရေးရှိပြီး မသုံးနိုင်သူများ သန့်နိုင်ဖို့ခက်လှသည်။ သွားတိုက်ဆေးဝယ်မသုံးနိုင်သူအတွက် ဆား (သို့မဟုတ်) မီးသွေးမှုန့် (ဝါ) ပြာကိုသာ သုံးကြသည်။ မွှေးပျံ့သောရနံ့မရှိ၍ သွားများဖြူသော်လည်း ခံတွင်းနံ့က သိပ်မကောင်းပေ။

ခပ်ညံ့ညံ့ ကိုယ်တိုက်ဆပ်ပြာတောင် မသုံးနိုင်သူများ ဝင်းသူဇာကရောင်းပေးသော ရွှေဝါဆပ်ပြာကို အားထားကြရသည်။ မရှိဆင်းရဲသားဖက်ကနေ တစ်ကိုယ်ရည်သန့်ရှင်းမှုကို ဆင်ခြေပေးရလျှင် ရေးပြလို့တောင် မကုန်နိုင်ပေ။ မည်သို့ဆိုစေ Roll-on တွေမပေါ်ခင်က သမဆိုင်မှဝယ်လို့ရသော 'သင်း' ပေါင်ဒါလည်း လူတောတိုးခဲ့ကြောင်း သတိရသင့်သည်။

ဒီခေတ်လို ကိုယ်တိုက်ဆပ်ပြာမျိုးစုံအောင် မရှိခဲ့စဉ်က မွှေးဆပ်ပြာနှင့် ပွဲဝင်တင့်ခဲ့တာကို အမှတ်ရနေဖို့ လိုပါသည်။ ထိုစဉ်က ဆင်ချေးတုံးဆပ်ပြာနှင့် ကိုယ်တိုက်လည်း အတော်အရာရောက်ခဲ့သည်။ ဘယ်သူမှ ကိုယ်နံ့မကောင်းဘူး၊ နံတယ်လို့ မပြောကြ။ အခုမှ ကုမ္ပဏီပေါင်းစုံကထုတ်သော ဆပ်ပြာပေါင်းစုံ



www.burmeseclassic.com

www.burmeseclassic.com



သုံးပြီး ဇီးသီးသည်မဗျိုင်း လုပ်နေတာတော့ လွန်လွန်းသည်။

အောင်ထူးတို့မြတ်မိုးတို့က ခင်မိုးမိုးခတို့လောက် စီးပွား ရေးအခံမကောင်းကြ။ ခင်မိုးမိုးခ ပဲများပြီး ကဲ့ရဲ့သမျှခံကြရသူ များဖြစ်သော အောင်ထူးတို့ဘက်မှ အမြဲတမ်းရှေ့နေလိုက်ကာ ခုခံတတ်သည့် နွေဦးကား ခင်မိုးမိုးခနှင့်မတည့်အတူနေ ဖြစ်ရ လေတော့သည်။

ကြာလာတော့ အောင်ထူးတို့၏ မရှိခြင်း၏ သိမ်ငယ်မှု က ခင်မိုးမိုးခ၏ခိုင်းဖတ်လိုဖြစ်လာကာ နိမ့်ကျမှုအပေါ် လွှမ်းမိုးမှု ရနေသော ခင်မိုးမိုးခ၏စကားသံက 'မလိုင်' သံပေါက်လာသည်။ ဒါကို သူခံစားလို့မရ။

အသက်ရှင်ရပုံချင်းမတူသော်လည်း လူချင်းအတူတူဖြစ် သည်။ ဆွဲမထူချင်လည်းနေပါ ခွကျော်သွားတာမျိုးတော့ မလုပ် သင့်ပေ။ ယခုလည်း သူမဘာသာ လာချင်လာလို့ရပါလျှက်၊ အိမ် လည်းသိပါလျှက် တစ်ယောက်တည်းမလာချင်တောင် ကြည်သာ ဆွေဖြစ်ဖြစ် အဖော်ခေါ်ပြီးလာနိုင်ပါလျှက်နှင့် အောင်ထူးတို့နှင့် အခေါ်ဆင့်ခိုင်းသည်။ အိမ်မှာကတည်းက ဒီကိစ္စသိလျှင် ထွက်မ လိုက်လာတော့ပြီ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၇)

"နေ ပါဦး. . နင့်ဘာသာတစ်ယောက်တည်းလာလည်း ဖြစ်ရဲ့သားနဲ့ အခေါ်ဆင့်တွေဘာတွေ လုပ်နေရအောင် ဘာတွေက ကြီးကျယ်ခမ်းနားနေလို့လဲ"

လက်ဘက်ရည်ဆိုင်ရောက်ရောက်ချင်း ခုံမှာဝင်ထိုင်ရင်း ပြောလိုက်သော နွေဦး၏စကားကြောင့် ခင်မိုးမိုးခ မျက်နှာလေး မော့်ချီလျက်က စားပွဲပေါ်တင်ထားသော ဗလာစာအုပ်ကို နွေဦး



www.burmeseclassic.com

www.burmeseclassic.com



ဘက် အသာတိုးရွှေ့ပေးလိုက်သည်။ နွေဦးရော အောင်ထူးတို့ပါ ငုံ့ကာကြည့်ကြသည်။ စာအုပ်က ခင်မိုးမိုးခဟု နာမည်ထိုးထား သော်လည်း နွေဦးအသစ်ပြန်ကူးပေးသော စာအုပ်ဆိုတာသေချာ သည်။ ပို၍သေချာအောင်ပြောရလျှင်. . ကျွန်တော် သုံးကြိမ် မြောက် အသစ်ပြန်ကူးပေးထားရသော စာအုပ်ဖြစ်ခြင်းပင်. .။

"ဒါဘာလဲ. . ဘာဖြစ်လို့လဲ"

"နင့်ဘာသာဖွင့်ကြည့်လေ၊ ငါက အောင်ထူးတို့ မြတ်မိုး တို့ ခေါ်လာတယ်ဆိုတာ နင့်ရဲ့မရိုးသားမှုကို သက်သေထူချင်လို့ သိရဲ့လား. . ဟင်း. ."

"ဘာလဲဟ. . ."

နွေဦး မအူမလည်နှင့် စာအုပ်ကိုလှမ်းယူကာ ဖွင့်ကြည့် သဖြင့် အဝါရောင်စာအိတ်ကလေးတစ်အိတ် ထွက်ကျလာလေ တော့၏။

"ဟင်!. ."

အောင်ထူးကောက်ယူကာ ဖွင့်ကြည့်၍ မြတ်မိုးအသံ ထွက်ပြီး ဖတ်လေသည်။

"ချစ်ရတဲ့မိုး. . အဲ. . မောင့်ရဲ့. . ပေါက်. . ပေါက်ကရ ဝက်. . ဝက်သားဖတ်မိုး. ."

"ဟာ!. . ဒီကောင်၊ ပေါက်ခွရဝသမိုးပါဟ. . မင်းနှယ်"

"အာ!. . အေး. . ငါက ပါဠိမကျွမ်းဘူးဟ၊ အဲ. . အဲ. .



www.burmeseclassic.com

www.burmeseclassic.com



ပေါ. . ပေါက္ခရဝဿမိုးလို အချစ်မိုးလေးရေ၊ မောင်. . သိပ်ချစ်တယ်လို့ ပြောပါရစေတော့. . မိုးရဲ့အချစ်”

နွေဦး ဖြတ်ခနဲလှမ်းဆွဲယူကာ ဖတ်ကြည့်လိုက်သည်။ တစ်ကယ့်ခံစားချက်နှင့် ရေးထားသောစာဆိုတာ ဖတ်ကြည့်ရုံနှင့် သိပါသည်။ သို့သော် နာမည်ဘယ်သူဘယ်ဝါဆိုတာမပါ။

ပြဿနာက သူ့လက်ရေးနှင့်တစ်ထပ်တည်းတူသော လက်ရေးမျိုး။ အဲ့ဒါကြောင့် နွေဦးစိတ်ထဲ နွေးပူသွားမှုကြောင့် မျက်နှာတွေပါထူလာကာ စာကို စာအုပ်ကြားထဲပြန်ထည့်၍. . ခင်မိုးမိုးခကို လှမ်းကြည့်သည်။

“နင်ပြောချင်တာက ဒီစာကို ငါကရေးပြီး နင့်စာအုပ်ကြားထဲမှာ ညှပ်ထည့်ပေးလိုက်တယ်ပေါ့. . ဒီလိုလား”

“မဟုတ်လို့လား”

“မဟုတ်ဘူး. . .”

ခင်မိုးမိုးခ ဟက်ခနဲရယ်ပစ်ပြီးမှ. .

“လူမိသွားလို့ ရှက်ပြီးငြင်းရင် နင်ယောက်ျားမဟုတ်လို့ပေါ့”

“နင်ကြိုက်သလိုထင်နိုင်တယ်. . ဒီစာ ငါမရေးဘူး၊ ငါမပေးဘူး. . ဟုတ်ပြီလား”

“ကောင်းပြီလေ. . နင်ဝန်မခံဘူးဆိုရင်တော့ တနင်္လာနေ့ ကျောင်းဖွင့်ရင် ဆရာမလက်ထဲ ထည့်လိုက်တော့မယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဘာ. . ဒါ နင်သက်သက်ပြဿနာရှာတာပဲ"

"အပယ်းပယ်း. . ငါ အဲ့သလိုပြဿနာမလုပ်ချင်လို့ နင့်ဆီအရင်ရောက်လာတာလေ၊ တစ်ကယ်ပဲ နင်နဲ့မဆိုင်ဘူးဆိုရင် ကျောင်းအုပ်ကြီးဆီတိုင်တော့ရော ဘာဖြစ်လဲ"

နွေဦး ချွေးပျံကာသွားသည်။ မဟုတ်ဘူးငြင်းလည်း ဒီစာအုပ်က သူပေးတာပါ။ ဒီစာကို သူမရေးသော်လည်း လက်ရေးက သူရေးသလိုကို တူလွန်းသည်။ ဟိုတစ်နေ့ကမှ ထိန်းရုံးက ပေးလိုက်သော ကြိမ်လုံးဒဏ်က အခုချိန်ထိတောင်နာနေသေး။

အဆိုးဆုံးက နောက်တစ်ကြိမ် အကြောင်းအမျိုးမျိုးနှင့် ပြဿနာထပ်ဖြစ်လျှင် သေချာပေါက် ကျောင်းထုတ်ခံရပေတော့မည်။

ခင်မိုးမိုးခကို ပွင့်ပွင့်လင်းလင်းပြောပြပြီး တောင်းပန်လိုက်ရင်ကော. . .။ နွေဦး အံကြိတ်ကာ. .

"အိုခေ. . နင်ကြိုက်တဲ့သူဆီ တိုင်ပါ. . ငါမဟုတ်ဘူး၊ ဘယ်သူဆိုတာလည်းငါမသိဘူး၊ သေချာတာကတော့ နင့်အပေါ် ငါ့ဒီလို စိတ်ဖြစ်ဖို့နေနေသာသာ နင်နဲ့စတွေ့ကတည်းက ဒီနေ့အချိန်အထိ နင့်ကိုပဲမုန်းလို့ သောက်မြင်ကပ်တာကလွဲပြီး ဘာမှမရှိဘူး. . ရှင်းပြီလား. . "

ခင်မိုးမိုးခ မျက်နှာတစ်ချက်ပျက်သွားပြီ. .

"အေးလေ. . နင့်ဘက်ကသေချာနေပြီပဲ၊ ငါ့ဘက်က



www.burmeseclassic.com

www.burmeseclassic.com



လည်း သူငယ်ချင်းဝတ္တရားကျေပြီဆိုတော့ ကျောင်းစည်းကမ်းအတိုင်း ဆက်ပြီးအရေးယူပစေပေါ့၊ ကဲ. . ငါသွားတော့မယ်. . "

ခင်မိုးမိုးခ ထွက်သွားမှ အောင်ထူးတို့ လှုပ်လှုပ်ရှားရှားဖြစ်လာပြီး မြတ်မိုးက. .

"ငါ့သဘောအရ ဟုတ်ဟုတ်မဟုတ်ဟုတ်. . မင်းခေါင်းညိတ်သင့်တယ်. . "

"ဟာ. . ဟုတ်မှမဟုတ်တာ. . "

"မှန်တယ်. . မင်းမဟုတ်မှန်းငါတို့သိတယ်၊ ဒါပေမယ့်လက်ရေးက မင်းလက်ရေးနဲ့တူနေတယ်၊ စာအုပ်က မင်းပေးတာ၊ ဘယ်သူပဲစစ်စစ် မဟုတ်ဘဲနဲ့ သေချာနေတာမင်းပဲလေ၊ အဲ့ဒါဆိုပြဿနာကဘာလဲ မင်းသိလား. . "

နွေဦးမဖြေပါ။ အောင်ထူးက မအောင့်နိုင်ဘဲ ဝင်မေးသည်။

"အေး. . ဘာပြဿနာဖြစ်မလဲ. . "

"ဒီကောင် ကျောင်းထုတ်ခံရလိမ့်မယ်ကွ"

"ဟော!. . "

"အခု. . ကျောင်းဖွင့်တာ နှစ်တစ်ဝက်တောင်မကျိုးသေးဘူး၊ ဒီကောင်ကြိုးစားထားတဲ့အမှတ်တွေ ဘယ်နှစ်မှတ်တောင်ဖြစ်နေပြီလဲ၊ ပြီးတော့ ကျောင်းစည်းကမ်းချက်ထဲမှာ မောင်နှမစိတ်ထက်လွန်ကဲလာတဲ့အပြစ်မျိုးကို (လုံးဝ)လုံးဝခွင့်မလွှတ်ဘူးဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ပါနေတယ်"

အောင်ထူး ရှုံ့မဲ့စွာ စုတ်သပ်ညည်းညူပစ်လိုက်သည်။

သို့သော် နွေဦးက. . .

"ကျောင်းထုတ်ခံရတော့လည်း အပြင်ကနေဖြေတာပေါ့ကွာ၊ ပထမဖြစ်ခဲ့တဲ့ပြဿနာတွေက ငါကိုယ်တိုင်ကျူးလွန်လို့ အပြစ်ဖြစ်တာ၊ ဒီပြဿနာက ငါမကျူးလွန်ဘဲဖြစ်ရတာ ဖြစ်ချင်တာဖြစ်ကွာ၊ ကဲ. . ငါပြန်မယ်. . အိမ်မှာအလုပ်ရှိတယ်. . "

"ဟာ. . ဟေ့. . ဟေ့. . မိုးခသောက်သွားတဲ့ ကော်ဖီဖိုး ရှင်းခဲ့ဦးဟ. . ၊ ငါတို့မှာ ပိုက်ဆံမပါဘူး. . "

နွေဦး ငါးရာတန်တစ်ရွက်ထားပေးခဲ့ပြီး ခင်မိုးမိုးခအား စိတ်ထဲမှကျိန်ဆဲကာ ထွက်လာခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၈)

မယုံကြည်နိုင်စရာပြဿနာအတွက် နွေဦး တစ်လမ်းလုံး စဉ်းစားလာသော်လည်း အဖြေမထွက်ဘဲ ဒေါသတွေပဲထွက်နေ၍ လမ်းလယ်ခေါင်မှာ ပစ်ချထားသော အချိုရည်ဗူးခွံအား ကန်ထုတ်မိသွားသည်။

"အား!. ."

အော်သံကြားမှ နွေဦးသတိဝင်ကာ လှမ်းကြည့်ပြော့. .



www.burmeseclassic.com

www.burmeseclassic.com



'ကြွေ'. . ။

သူကန်ထုတ်လိုက်သော ဗူးခွံက သူမအနီးအနားမှ ဖြတ်ထွက်သွား၍ ရှောင်ရင်း လန့်ကာအော်ခြင်းဖြစ်သည်။ ထို့ကြောင့် နွေဦး ပြာပြာသလဲရောက်သွားကာ. .

"ဆော. . ဆောရီးပါဗျာ. . တစ်ကယ်မရည်ရွယ်ပါဘူး"

"ရှင် တော်တော်ရမ်းကားတာပဲ"

"ဟုတ်ပါတယ်. . တောင်းပန်ပါတယ်"

"ဒီမှာ. . ဆိုင်ကယ်လုပ်ပေးဦး"

"ဗျာ. . ဘာဖြစ်လို့လဲ"

"ဘယ်သိမှာလဲ. . မောင်းလာရင်း ရပ်သွားတာ ပြန်နှိုးလို့မရတော့ဘူး၊ တစ်ကယ်ပါပဲ ချိုးကျူးမိတာ မှားပြီထင်တယ်"

ဆိုတော့ကာ နွေဦး ပူပူထူထူနဲ့ ဆိုင်ကယ်ကိုစစ်ဆေးကြည့်လိုက်သည်။ အမှန်တစ်ကယ်ကို မပြင်တတ်တာမှန်သော်လည်း အခုချိန်ကျမှ မပြင်တတ်ဘူးဟုပြောပြန်လျှင် အရှက်ကွဲဦးမည်။

သို့သော် အိမ်လုပ်ငန်းလည်းဖြစ်၊ မျက်စိယဉ်တာလည်းရှိ၍ ကြိုးစားကာ ကြည့်မိသည်။ ဘေးမှာတွဲလွဲကျနေသော ပလပ်ကြိုးကိုမြင်မှ ပလပ်ခေါင်းမှ ပြုတ်ထွက်နေမှန်းသိကာ ဝမ်းသာအားရ ပြန်တပ်ပေးလိုက်သည်။

ဒါပေမယ့်. . သိပ်တော့အဆင်မပြေ။ ကြိုးနှင့်ခေါင်းက



www.burmeseclassic.com

www.burmeseclassic.com



ချောင်း၍ နေလေသည်။

"နှိုးကြည့်ပါဦး. ."

သူမ မျက်နှာလေး စူအောင့်အောင့်နှင့် ဆိုင်ကယ်ပေါ် တက်ထိုင်ကာ နှိုးကြည့်လိုက်သည်။ စက်နိုးသွားပါသည်။ နွေဦးလည်း ခုမှပဲ ဟင်းချနိုင်ကာ. . .

"ပလပ်ကြိုးက ချောင်နေတယ်. ., ဒီအတိုင်းသွားရင် မကြာမကြာ ပြန်ပြုတ်ပြီး ခုလိုဖြစ်နေမှာပဲ၊ ကျွန်တော့်မှာ ဘာပစ္စည်းမှမပါလို့ ဆိုင်မှာခဏလောက် လိုက်ပြင်လိုက်ပါလား"

"ကြာမှာလား"

"ငါးမိနစ်လောက်ပါပဲ. ."

"တက်. . သွားမယ်"

"ဗျာ!. ."

"ဆိုင်ကယ်ပေါ်တက်လေ. ."

"ဟာဗျာ. . အားနာစရာ၊ သွားနှင့်ပါ ကျွန်တော်မြန်မြန် လျှောက်ပြီး လိုက်လာခဲ့ပါ့မယ်၊ ဒါမှမဟုတ် အိမ်မှာအဖေရှိတယ်၊ အဖေ့ကို. . ."

"ဦးလေးက စောစောကပဲ ဆိုက်ကားနဲ့ဆေးခန်းသွားတယ်၊ ကဲ. . ကျွန်မ အချိန်မရဘူးရှင့် မြန်မြန်တက်. ."

"ဩော်. . ဟုတ်. . ဟုတ်ကဲ့"

သို့နှင့် နွေဦး အားနာနာနှင့်ပင် သူမနောက်တွင် ကယ်ရီ



www.burmeseclassic.com

www.burmeseclassic.com



ယာမှာ ခွထိုင်လိုက်ရသည်။ အတတ်နိုင်ဆုံး ခပ်ခွာခွာထိုင်ကာ ထိုင်ပါလာသော်လည်း မွှေးပျံ့သော သူမ၏ကိုယ်သင်းနံ့ကိုတော့ ခွာလို့မရ. .။

အသက်ရှူလမ်းကြောင်းတည့်တည့် ထောင့်ဖြောင့်ဖြည့် ဘက်ကျနေ၍ သူ၏ရင်တစ်ခုလုံး သင်းထုံကာ အရာရာကို မေ့ ချင်ချင်ဖြစ်သွားသည်။ သူတပ်ပေးလိုက်သော ပလပ်ကြိုးက အိမ်ရှေ့အလုပ်ရုံနားရောက်မှ ထပ်ပြီးပြုတ်ထွက်ကာ စက်ရပ်သွား၍ အလုပ်ရုံရှေ့အထိ တွန်းယူလာခဲ့ရလေသည်။

အမေ့ဆိုင်ရှေ့ဖြတ်တော့ အမေကလှမ်းမေးသည်။

"သား. . မင်းအဖေနဲ့တွေ့ခဲ့သေးလား"

"သားမတွေ့လိုက်ဘူး အမေ"

"ဆေးခန်းသွားတယ်. . အဲ့ဒီမှာ ဆိုင်ကယ်လာပြင်တဲ့သူ လည်းရောက်နေတယ်၊ သားကြည့်ပြီး လက်ခံထားလိုက်ဦး"

"ဟုတ်. ."

သူမဆိုင်ကယ်အား ဒေါက်ချပြီး ဆိုင်ထဲလှမ်းကြည့်တော့ ကျော်သီဟနှင့် ခင်မောင်ဦး. .။ သူနှင့်တစ်ခန်းတည်း တစ်တန်းတည်း အတူကျောင်းတက်နေကြသည့်တိုင် အခြောက်တိုက် ဘဝင်မြင့်နေကြသူတွေဖြစ်၍ နှွေဦးနှင့် သိပ်ပြီးအခေါ်အပြောမရှိကြ။ သို့သော်လည်း ကိုယ့်စီးပွားရေးအတွက် ရောက်လာကြသူ တွေဖြစ်၍. . .



www.burmeseclassic.com

www.burmeseclassic.com



“သူငယ်ချင်းတို့ရောက်နေတာ ကြာပြီထင်တယ်”

ထိုအခါ ခင်မောင်ဦးက. . .

“အေးကွာ. . စောင့်ပြီးအပ်ရလောက်တဲ့အထိ မင်းတို့ဆိုင်က အဆင်မမြင့်ပါဘူး၊ ဒါပေမယ့် ရောက်လာပြီးမှ ပြန်သွားဖို့ ပျင်းလို့ပါ၊ အဲ့ဒီမှာ ဘီးထားခဲ့မယ်၊ ကာပရိုက်တာဆေးမယ်၊ ပလပ်လဲမယ်. . ကျန်တာဘာမှမလုပ်နဲ့၊ ငါ့ဘီးက ဆယ့်ငါးပိုး လောက်တန်တော့ သုံးလေးပိုးတန်ဘီးတွေလို လက်ဆော့လို့ မဖြစ်ဘူးကွ၊ အေး. . အဲ့ဒါပဲ. . ဘယ်လောက်ကြာမလဲ. . ”

သူ့ရင်ထဲ အောင့်သက်ကာသွားသည်။

‘ကြွေ’၏ရှေ့မှာဖြစ် စိတ်ထဲမှာ ရှက်သလို သိမ်ငယ်သလို ခံစားနေရသည်။ အဖေ့လိုသာ ကျွမ်းကျွမ်းကျင်ကျင် ပြင်တတ်လျှင်. . .

“ဟော့ကောင်. . သောက်ကြီးသောက်ကျယ် ပြောမနေနဲ့၊ မင်းဘာသာစောင့်ကြည့်ပြီး ယူသွား. . ”

ဟုပြောမိမှာ သေချာပါသည်။

“အေး. . သူငယ်ချင်း၊ နောက်တစ်နာရီလောက်ကြာရင် လာယူကွာ. . ”

“အိုခေ. . ကဲ. . ကျော်ကြီး လစ်ကြမယ်”

ခင်မောင်ဦးတို့ထွက်သွားမှ ‘ကြွေ’က မကျေမနပ်လေသံနှင့်. . .



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒီဆိုင်ကယ်မပြင်ရတော့ရော ရှင်တို့စီးပွားပျက်သွားမှာမို့လို့လား"

ကြွေ ဘာကိုဆိုလိုမှန်း နွေဦးသဘောပေါက်သဖြင့်. .

"ဘယ်သူ့အတွက်မှ မဟုတ်ရင်တောင် အဖေ့အတွက်ကျွန်တော်သည်းခံရမယ်ကြွေ၊ အဖေက သူ့အလုပ်ကို အရမ်းတန်ဖိုးထားပြီး မြတ်နိုးတယ်၊ သူ့ဆိုင်ကိုရောက်လာတဲ့သူတွေအားလုံးကို ကျေးဇူးရှင်လို့သတ်မှတ်ပြီး ကိုယ့်ဘက်ကအမြဲနှိမ့်ချပြီး ဆက်ဆံတယ်. ."

"ကျွန်မစိတ်နဲ့တော့ မရပါဘူး. .၊ ဟာလေဒေဗစ်ဆင် (Harley-Davidson)အတုလောက် စီးနိုင်တာကိုများ ဘာကိုဘဝင်မြင့်နေတယ်မသိဘူး"

နွေဦးပြုံးရင်း သူမ ဆိုင်ကယ်ပလပ်ခေါင်းကို သေချာအောင် ပြုပြင်ပြီး ပြန်တပ်ပေးလိုက်သည်။

"ရပြီကြွေ. . စိတ်ချလက်ချစီးနိုင်ပြီ"

"ကျေးဇူးပဲ. . ဒါနဲ့ ရှင့်နာမည်က. ."

"နွေဦးပါ. ."

"ကျောင်းတက်နေလား"

"ဟုတ်ကဲ့. . မနှစ်ကကျလို့ ဒီနှစ်ပြန်တက်နေပါတယ်"

"ဟုတ်လား. . ကျွန်မတော့ အောင်တယ်၊ ဟို. . ကြွားတာမဟုတ်ဘူးနော်၊ ပြောချင်တာက ဒီမှာ ညီမလေးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



လည်း ဒီနှစ်မှတက်တာမို့လို့ Guide လာလုပ်ပေးနေတာဆိုတော့ ကိုနွေဦး ခက်ခဲတာရှိရင် ကျွန်မ ကူညီနိုင်တာလောက် လုပ်ပေးနိုင်တယ်လို့ ပြောတာ. . ”

“ကျေးဇူးပဲ. . ”

“ကဲ. . သွားပြီ၊ သင်တန်းချိန် အရမ်းနီးနေလို့”

“ဟုတ်ကဲ့ပါ. . ”

သူမ ဆိုင်ကယ်မောင်းထွက်သွားတာကို လှမ်းကြည့်ပြီး နွေဦးရင်ထဲ လှိုက်ဖိုကျန်ခဲ့သည်။

ထိုအခိုက်မှာပင် ဖွဲဖွဲလေးရွာချ လိုက်သောမိုးကြောင့် ဘဲလ်မက်ဆောင်းမထားသော သူမအတွက် စိုးရိမ်ကာသွားသည်။ မိုးက အနည်းငယ်ပို၍ သည်းလာပါသည်။

ဒုက္ခပဲ. . ဒီမိန်းကလေး ဆိုင်ကယ်ဦးထုပ်မဆောင်း ဘာမဆောင်းနဲ့ကွာ. . . ။

ထို့နောက် သူမအတွက် သတိလက်လွတ် စိတ်ပူပေးနေမိသော ကိုယ့်ကိုယ်ကို သတိထားမိကာ ရှက်သွားသလိုမျိုး ဖြစ်သည်။

သို့သော် သူလှမ်းကြည့်နေသောမြင်ကွင်းထဲ ဆိုက်ကားနှင့်ဝင်လာသော အဖေ့ကိုမြင်လိုက်ရ၍ တစ်ကိုယ်လုံးတုန်ခနဲ ဖြစ်ကာ. .

“အမေရေ. . အဖေ ထီးမပါဘူးဗျ”



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့. . ထီးယူပြီးလိုက်သွားစမ်း. . ငါလည်း ဒီမှာအလုပ်ရှုပ်ပြီး မေ့သွားတာ. .၊ ဒီလူကြီး မိုးရွာသီ ထီးမယူဘဲနဲ့များ. . ငါ့နှယ်. . ."



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၄)

စနေနေ့ကတည်းက စွေပြီးရွာနေသောမိုးက တနင်္လာနေ့ မနက်ခင်းရောက်မှ ပို၍ညို့ကာ ရွာအားကောင်းကောင်းနှင့် ရွာနေတော့၍ ထီးဆောင်းသော်လည်း အောက်တစ်ပိုင်းလုံးရွှဲနစ်ကာနေသည်။ လက်ဘက်ရည်ဆိုင်ထဲ ကျောင်းသားတွေနှင့်ပြည့်နေပြီး အောင်ထူးတို့ ရောက်နှင့်နေကြ၍ သူလည်း ထီးပိတ်ကာ ဆိုင်ထဲဝင်လာခဲ့သည်။ အနီးနားရောက်မှ အောင်ထူးတို့မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



မကောင်းကြ၍ သူဝင်ထိုင်ရင်း မေးလိုက်သည်။

"မင်းတို့ဘာဖြစ်နေကြတာလဲ"

"ဘာမှမဖြစ်ပါဘူး. . ဘာဖြစ်လို့လဲ"

"မသိဘူးလေ. . မင်းတို့မျက်နှာတွေ ဒီမနက် နည်းနည်း သိုးချင်နေမလားလို့"

ထိုအချိန်အထိ အပြောင်းအလဲမရှိသော အောင်ထူးတို့ မျက်နှာတွေကိုကြည့်ပြီး နွေဦး မသက်သာချင်တော့၍. . .

"အိုခေ. . မင်းတို့မပြောချင်လည်းဖြစ်တယ်၊ ကိုယ့်လက်ဘက်ရည်ဖိုး ကိုယ်ရှင်းကြ. . "

ဒီတော့မှ နှစ်ယောက်စလုံး ခေါင်းထောင်လာကာ. .

"မင်းပြောလိုက်တော့ကွာ. . မြတ်မိုး"

"ဟာ!. . မင်းပြော"

"ကဲ. . မင်းတို့ဘာဖြစ်နေကြတာလဲ"

အောင်ထူး ပင့်သက်ရှိုက်ပြီးမှ. . .

"မင်းစိတ်ဆိုးရင်လည်း ခံရတော့မှာပဲ နွေဦးရာ၊ အမှန်တော့ မင်းက ငါတို့အတွက် သူငယ်ချင်းကောင်းပါ၊ အားလည်း အားကိုးတယ်၊ အဲ့ဒါကြောင့် ငါ. . ငါနဲ့မြတ်မိုးနဲ့ တိုင်ပင်ပြီး မိုးခကို ဝန်ခံလိုက်တယ်. . "

"ဘာ. . ဘာဖြစ်တယ်"

"စာကို မင်းပေးတာလို့ ငါတို့ဝန်ခံလိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကွ. . "

မြတ်မိုးကပါဝင်ပြောသည်။

"ငါတို့စဉ်းစားကြည့်သလောက် မင်းကျောင်းထုတ်မခံရအောင် ဒါကအကောင်းဆုံးနည်းလမ်းပဲနေ့ဦး. . မဟုတ်ရင်"

"တော်စမ်းကွာ. . အဲ့ဒါ မိုးခရဲ့လှည့်ကွက်ပဲ ငတုံးတွေရဲ့ မင်းတို့တောင် ဒီလောက်တွက်ပြီးစဉ်းစားနိုင်ရင် အဲ့ဒီနဂါးထူမ၊ လူလည်မက မစဉ်းစားဘဲနေမလား၊ ငါလည်း ဒီမနက်ကျောင်းကို ထွက်လာရင်းတွေးမိတာ၊ ငါတို့နှစ်ကျအုပ်စုထဲမှာ သူ့ဩဇာမပေါက်တာ ငါတစ်ယောက်ပဲရှိတယ်၊ တည့်တည့်ပြောရရင် သူငါ့ကိုချိုးချင်နေတာ၊ အဲ့ဒါကြောင့် ဒီခွင်ကိုဖန်တီးတာ. . ရှင်းလား၊ ဘယ်လိုပဲတွက်တွက် ငါငြင်းလို့မရတော့ဘူးဆိုတာကိုသိပြီး ချိုပြီးတုတ်ပြီး ရိုက်တာ၊ တစ်ကယ်လို့ ငါကဝန်ခံရင် ကြီးကြီးကျယ်ကျယ်တွေပြောပြီး ငါ့ကိုချိုးဦးမယ်. . "

"အေး. . မင်းက ဝန်မခံလို့ သူညစ်လုံးလုံးပြီး ဆရာမကိုတိုင်ရင်ကော. . . "

"သူ့ကြောင့် ငါကျောင်းထွက်သွားရတယ်ဆိုတဲ့ဂုဏ်က သူ့အတွက်ဘယ်လောက်တောင် ကြီးမြတ်မှာမို့လို့လဲ၊ မိုးခက လူလည်ပဲကျတတ်တာ လူရည်မလည်ဘူးကွ. . ငတုံးတွေရဲ့. . ငါ့နှယ်"

"ဟေ. . ဘယ်. . ဘယ်လို"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီကွာ. . ကျောင်းတက်တော့မယ်၊ သွားမယ်"

မည်သို့ဆိုစေ အောင်ထူးတို့က သူတို့အတွေးနှင့်သူတို့ ဝန်ခံလိုက်သည့်အတွက် ခင်မိုးမိုးခလည်း သူ့တွက်ကိန်းနှင့်သူ ဒေ့ူများအဖွဲ့၏ ခေါင်းဆောင်အဖြစ် နေရာယူလာပေတော့မည်။ အမှန်တကယ်လည်း သူတို့နှစ်ကျောင်းယောက်က အတော်ဒူပါ သည်။ ဒူလို့လည်း ဆယ်တန်းကျကြသည်။ ထိုဒေ့ူတွေကိုမှ ဆရာ ကြီးလုပ်ချင်နေသေးသော ခင်မိုးမိုးခအကြောင်းတွေးမိ၍ နွေဦး ရယ်တော့၏။

အတန်းထဲ ရယ်မောပြီးဝင်လာ၍ ခင်မိုးမိုးခလှမ်းကြည့် ပြီး မျက်စောင်းတစ်ချက်ပစ်ကာ အကြည့်လွှဲသွားသည်။ မျက်နှာ ကလည်း ခပ်တည်တည်။ သူကြည့်မရတာလည်း အဲ့ဒီပဲဆိပ် တက်နေသော မျက်နှာမျိုးဖြစ်၍ ငြိမ်မနေနိုင်ဘဲ ခင်မိုးမိုးခနား ကပ်ကာ ပြောလိုက်သည်။

"ကလေးကွက်တွေ. . ရှိုး. . ဟိုးဟိုးနေပြီ"

"ဘာရယ်"

"နင်သိပ်ပြီးပဲများမနေနဲ့ ရှိုးနေပြီလို့. . ပြောတာ"

"မသာကောင်. . နင့်ကိုငါကျေနပ်တယ်များ အောက် မေ့နေလား. "

"မကျေနပ်တော့ ဘာလုပ်ချင်လို့လဲ"

ပြောပြီး ချော်တော်တော်မျက်နှာနှင့် သူ၏ခုံတန်းသို့ပြန်



www.burmeseclassic.com

www.burmeseclassic.com



လျှောက်လာကာ ဝင်အထိုင် ခင်မိုးမိုးခရှက်ကန်ပြီး ကွန်ပါဘူးဖြင့် လှမ်းပေါက်သည်။ သူ ကိုယ်ကိုရှိုပြီး ရှောင်လိုက်၍ ကွန်ပါဘူးက သူ့ကိုကျော်ကာ ခင်မောင်ဦး၏နောက်စေ့ကို မှန်လေ၏။

"ခွပ်!. ."

"အာလာလာ!. ."

ခင်မောင်ဦးဒေါ်ပွပြီး လှည့်ကြည့်၍ နွေဦးက သူ့နောက်ကို လက်မလေးကော့ပြီး ညွှန်ပြလိုက်သည်။

ခင်မိုးမိုးခ ထလျှောက်လာပြီး. . .

"ငါ. . ဟိုမသာကောင်ကိုပေါက်တာ၊ သင်းရှောင်လိုက်လို့. . ."

ပြောရင်းနှင့် သူမကွန်ပါဗူးကို ပြန်ကောက်ယူသွားသည်။ ခင်မောင်ဦးခံလိုက်ရသော်လည်း တန်တယ်ဆိုတဲ့ပုံမျိုး ပြုံးမဲ့မဲ့လေးလုပ်ကာ ငြိမ်သွားသဖြင့် နွေဦးအံ့သြသွားမိသည်။

အလကားနေရင်း ဘဝင်လေဟပ်နေတဲ့ကောင် ဒီတစ်ခါ ဆေးစားမှားသွားသလားဟုတောင် ထင်ရသည်။

ထိုနေ့တစ်နေ့လုံး ခင်မိုးမိုးခနှင့် နည်းနည်းအဆင်မပြေတာကလွဲလို့ အားလုံးအဆင်ပြေစွာ ကျောင်းဆင်းနိုင်ပါသည်။ စာပေးသည့်ကိစ္စ ဆရာမကို တိုင်များတိုင်မလားဟု အောင်ထူးတို့ ရင်တထိပ်ထိပ်နှင့်စောင့်ကြည့်နေခိုက် သူ ဘာမှမဖြစ်သလို နေပြနိုင်သော်လည်း ရင်တုန်နေမိသည်။ တိုင်ရင်တော့ သွားပြီ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့။ ဒါပေမယ့် ခင်မိုးမိုးခ မတိုင်ပါချေ။ ထို့ကြောင့် နဂိုးထူမ သေချာတွက်ပြီးရိုက်တာဟု သူယုံကြည်နေသလောက် အောင်ထူးတို့က တစ်မျိုးတောင် ထင်ကြေးပေးနေကြသည်။

မဟုတ်မှလွဲရော မိုးခ မင်းကိုတကယ်စိတ်ဝင်စားနေတာများလားတဲ့. .။ ခက်လိုက်တဲ့ကောင်တွေ ငါ့နှယ်. .။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၀)

ညနေ သူကျောင်းကပြန်ရောက်လာချိန်အထိ ကြွေ၏ညီမဝမ်းကွဲ ဆိုင်ကယ်လာမယူသေး။ စက်ချုပ်ဆိုင်လည်းပိတ်ထား၍ အလုပ်ရုံထဲဝင်ကာ အဖေ့ကိုမေးလိုက်သည်။

"အဖေ. . အဲမေကော. . "

"လူနာသတင်းမေးသွားတယ်ကွ၊ အနောက်ခြမ်းတင်းပါ၊ ဒီဆိုင်ကယ်လာအပ်တဲ့ ကောင်မလေးရဲ့အမေလေ"



www.burmeseclassic.com

www.burmeseclassic.com



အဖေက ကြွေတို့လာအပ်ထားသော ဆိုင်ကယ်ကိုမေးထိုးပြ၍. . .

"ကြွေတို့အမေလား. ."

"မဟုတ်ဘူးလေကွာ. . . ရတနာတို့အမေလေ"

"ဩော်. ."

သူ ဩော်ဟုသာအသံပြုလိုက်သော်လည်း သေချာသိ၍မဟုတ်။ သို့သော် 'ကြွေ'မဟုတ်ရင်ပြီးတာပဲဟုတွေးကာ အိမ်ဖက်လျှောက်လာခဲ့ပါသည်။ ထို့နောက်. . အဝတ်အဟောင်းလဲကာအလုပ်ရုံထဲ ပြန်ဝင်လာခဲ့သည်။

"သားဘာလုပ်ရမလဲ အဖေ"

အဖေ အင်ဂျင်တုံးတစ်တုံးဆေးနေရာမှ အံ့အားသင့်သလို မော့ကြည့်ပြီး. . .

"အခုမှ ကျောင်းကပြန်ရောက်တာ နားပါဦးသားရဲ့"

"ရတယ်. . သားနည်းနည်းပိုပြီးလုပ်မှဖြစ်မယ်၊ မဟုတ်ရင် အဖေပြန်ပြီးဖျားလိမ့်မယ်. ."

သို့နှင့် အဖေ့နေရာမှာလူချင်းလဲကာ ဝင်ထိုင်လိုက်ပါသည်။ အဖေလက်အိတ်ချွတ်ပေးပြီး ပီတိဖြစ်သွားသောမျက်နှာနှင့် ပက်လက်ထိုင်ခုံမှာဝင်ထိုင်လိုက်လေသည်။ ထို့နောက်မှ. . .

"ငါ့သားလေးခုလိုစိတ်ဝင်စားလာတာ အဖေဝမ်းသာတယ်ကွာ. .၊ လူဟာ အသက်မွေးမှုပညာတစ်ခုခုတော့တတ်ရ



www.burmeseclassic.com

www.burmeseclassic.com



တယ်ကွ၊ ဒါဖြင့် စာပေပညာသင်တာရော အသက်မွေးမှုပညာမဟုတ်ဘူးလားလို့ မေးစရာရှိလာတယ်၊ တစ်ကယ်တော့ စာပေပညာဆိုတာလည်း အသက်မွေးနိုင်တဲ့ပညာတစ်ခုပါပဲ၊ ဒါပေသိအချိန်တိုတိုလေးနဲ့ ထမင်းစားလို့ရတဲ့ ပညာတော့မဟုတ်ဘူးကွ၊ စာပေအသိပညာ အတတ်ပညာဆိုတာ ပြည့်စုံတယ်မရှိသလို၊ ထမင်းစားလို့ရအောင် သင်ယူဖို့ဆိုတာကလည်း အချိန်တွေအများကြီးပေးရတယ်၊

အကြောင်းအမျိုးမျိုးနဲ့ ပညာရေးခရီးမဆုံးခဲ့ရင် အဲ့ဒီပညာနဲ့ ထမင်းစားဖို့ခက်နိုင်တယ်၊ အဲ့ဒါကြောင့် စာပေပညာကိုသင်ယူရင်းနဲ့ သက်လုံကောင်းဖို့ အသက်မွေးဝမ်းကျောင်းပညာကိုလည်း တတ်အောင်သင်သွားရမယ် သားရဲ့၊ အဖေပြောတာနားလည်ရဲ့လား"

"ဟုတ်ကဲ့ပါ. . သားသဘာပေါက်ပါတယ်အဖေ၊ အဲ့သလိုမှ မဟုတ်လည်း ဟိုတစ်နေ့ကအဖြစ်မျိုးကြောင့် သားအဖေ့ပညာကို ယူမှဖြစ်မယ်လို့ ဆုံးဖြတ်ထားတယ်"

"ဟေ. . ဘယ်လိုအဖြစ်မျိုးကြောင့်တုန်း. . "

ထို့နောက် နွေဦးက ကြွေနှင့်လမ်းမှာကြုံခဲ့ရသော ဆိုင်ကယ်ပြဿနာကိုပြောပြလိုက်၍ အဖေရယ်ကာ. .

"အဟတ်ဟတ်ဟတ်. . အေးပေါ့ သူတို့ကတော့ ဘယ်ခွဲခြားသိပါ့မလဲ၊ ဒီမှာလည်း သားကူလုပ်နေတာမြင်ဖူးတဲ့ သား



www.burmeseclassic.com

www.burmeseclassic.com



လည်း ပြင်တတ်တယ်ထင်နေမှာပေါ့။ အေး. . အေး. . ဒါလည်း ဟုတ်တာပဲကွ. . ”

ထိုအခိုက်မှာပင် ဆိုင်ရှေ့သို့ဆိုင်ကယ်တစ်စီးရောက်လာပါသည်။ လှမ်းကြည့်တော့ ကြွေမောင်းလာသည့်ဆိုင်ကယ်ကို မေမေနှင့် ရတနာဆိုသောကောင်မလေးပါ စီးလာကြခြင်းဖြစ်သည်။

အဖေက. . .

“အခြေအနေဘယ်လိုလဲမေကြီး. . သက်သာရဲ့လား”

“အင်း. . ကင်ဆာဆိုတော့ နည်းနည်းဂရုစိုက်ရမှာပဲ၊ ဆရာဝန်က ဆေးရုံတက်ခိုင်းနေတယ်”

“ဟာ. . ဒါဆိုတက်ရမှာပေါ့”

ထိုအခါ ရတနာက. .

“အမေက အိမ်ကိုအရမ်းမင်တာ ဦးလေးရဲ့၊ အဲ့ဒါပဲ ဝိုင်းပြောနေတာ. . မရပါဘူး. . ”

“အေးပေါ့. . သမီးရယ်၊ အမေဆိုတာက သမီးတို့အခု ဆောက်ထားတဲ့အိမ်ကို ခင်တွယ်တာမဟုတ်ဘူး. . အဲ့ဒီအိမ်မှာ နေထိုင်တဲ့ ပုဂ္ဂိုလ်တွေအားလုံးအတွက် စိတ်မချနိုင်တဲ့ စိုးရိမ်မှုနဲ့ ခင်တွယ်နေတာ၊ အိမ်ရာထူထောင်ပါပြီဆိုကတည်းက အိမ်ရဲ့ ဝင်ငွေကို ရှာဖွေမပေးနိုင်ပေမယ့် အိမ်ရဲ့တာဝန်ဝတ္တရားအားလုံးကို ရင်ခွင်ပိုက်ပြီး ထိန်းသိမ်းလာခဲ့တဲ့သူဆိုတော့ကာ သူမရှိရင်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုများနေကြပ့် မလဲဆိုတဲ့သောကပဲ သမီးရေ. .၊ မိခင်မေတ္တာဆိုတာအဲ့ဒါပဲ၊ ဒီတော့ကာ သူလည်းစိတ်ချမ်းသာအောင် ရောဂါလည်းပျောက်ကင်းအောင်. . ခေါင်းအေးအေးနဲ့ နည်းလမ်းရှာပြီး အဆင်ပြေအောင် လုပ်ပေးကြပါကွယ်"

"ဟုတ်ကဲ့ရှင့်. . ကျေးဇူးပဲ၊ ဟို. . သမီးဆိုင်ကယ် ပြန်ယူချင်လို့. ."

"အေး. . ရပြီသမီး"

"ဘယ်လောက်ကျလဲဟင်"

"တစ်သောင်းခွဲပဲပေးပါ"

"ဟုတ်"

ထိုအချိန်အထိ အဖေ့ကို ငူငူငေးငေးလေးစိုက်ကြည့်နေသောကြွေ့ကို နွေဦးသတိထားမိနေခိုက် အမေက ကြွေ့လက်ကို လှမ်းဆုပ်ပြီး. .

"သမီးလေးက စာပြနေတာဆို"

"ဟုတ်. . ဟိုလိုသင်တာတော့ မဟုတ်ဘူးရှင့်၊ ဒီမှာလာနေရင်း ညီမလေးနဲ့ သူ့သူငယ်ချင်းသုံးယောက်ကိုပဲ Guide လုပ်ပေးနေတာပါ. ."

"အေးကွယ်. . လခယူမယ်ဆိုရင်လည်းယူပါ၊ အဒေါ့်သားကိုလည်း စာပြပေးပါလား၊ မနှစ်ကကျထားတော့ ဒီနှစ်တော့ အောင်စေချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"သြော်. . ရပါတယ် လခမယူပါဘူး၊ ကိုနွေဦးကိုလည်း ပြောပြီးသားပါ. . စာနဲ့ပတ်သက်ပြီး ကူညီမယ်လို့လေ"

"ဟုတ်လား. . ဝမ်းသာလိုက်တာ၊ ကဲ. . သားရေ မင်း ကြိုးစားဖို့ပဲလိုတော့တယ်နော်"

နွေဦးပြုံးပါသည်။ ရင်ထဲမှာလည်း ရင်ခုန်တာလား, ပျော်တာလား, ဘာလားမသိသော ခံစားမှုက တစ်ဆို့ချိအီကာနေသည်။ သူမတို့ဆိုင်ကယ်နှစ်စီးထွက်သွားမှ အဖေက. .

"ကြွေဆိုတဲ့ကလေးမရဲ့ဘဝကလည်း သနားစရာကွ၊ လူမှန်းသိတတ်စကတည်းက အဖိုးအဖွားနဲ့ ကြီးပျင်းလာခဲ့ရတာ၊ သူ့မိဘတွေက ပြည်ပမှာပဲအလုပ်လုပ်ကြတာ ပြန်လည်းမလာကြဘူး၊ ပိုက်ဆံတော့ ပုံမှန်ပို့တယ်၊ အခု အဖိုးအဖွားတွေဆုံးကုန်လို့ ရန်ကုန်ကအိမ်ကို ဒီတိုင်းထားခဲ့ရပြီး ဦးလေးမိသားစုနဲ့ လာနေရတာ ငါလည်း ကိုထွန်းမောင်ပြောပြမှ သိရတာ၊ ကိုထွန်းမောင်တို့က မွေးချင်းညီအစ်ကိုနှစ်ယောက်ထဲရယ်၊ ကြွေလေးရဲ့အဖေ ကိုထွန်းအောင်က အကြီး၊ ကိုထွန်းမောင်က အငယ်လေ"

"သြော်. . သနားစရာနော်"

"အတိတ်ကံပေါ့ကွာ. . ငွေကြေးပြည့်ပြည့်စုံစုံနဲ့ နေရပေမယ့်လည်း မိဘနဲ့ ရှင်ကွဲကွဲနေရတဲ့ သားသမီးတစ်ယောက်ရဲ့ ဒုက္ခက လည်ပင်းလေးပဲ အနင်းခံထားရသလို ထွေးမရ အန်မရကွ၊ သိပ်ခံရခက်တာ. . သားသမီးရဲ့အာဟာရက မိဘပဲ. ."



www.burmeseclassic.com

www.burmeseclassic.com




သို့မှ ကြွေဘာကြောင့် အဖေ့ကိုငေးကြည့်နေရသလဲဆိုတာ နွေဦးတွေးမိကာသွားသည်။

ကျွန်တော် စိတ်မကောင်းပါဘူးကြွေ။



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၁)

မိုး ရာသီကုန်ခဲ့ချေပြီ။ နွေဦးတို့လည်း ပထမနှစ်ပတ် စာမေးပွဲဖြေကာ သီတင်းကျွတ်ပွဲတော်အတွက် ကျောင်း(၁၀)ရက် ပိတ်ပေးလိုက်သည်။ ကြွေ့ဆီမှာ Guide ဝင်ဖို့ အားလုံးပြောပြီး သား ဖြစ်သော်လည်း သူ မဝင်ဖြစ်သေးပါ။ သို့သော် အဖေ့ဆီမှာ ပုံမှန်အလုပ်ဝင်ကာ သင်လာသဖြင့် အလုံးစုံကျွမ်းကျင်သည်အထိ



www.burmeseclassic.com

www.burmeseclassic.com



မတတ်မြောက်သေးသော်လည်း တော်ရုံဆီပျောက်မီးပျောက်နှင့် ဘရိတ်လိုင်း၊ ကလပ်လိုင်းလောက် လုပ်နိုင်နေချေ၏။

"နွေဦးရေ. . ."

"ဩော်. . . အောင်ထူးတို့ လာလေကွာ၊ ငါဒီတစ်စီး အရေးကြီးနေလို့. ."

အောင်ထူးတို့ဝင်လာကြပြီး ဟိုဒီဝေ့ကြည့်လိုက်သည်။ ပြီးမှ လေသံနှင့်. .

"မိုးခပါလာတယ်. ."

"ဟေ. . ဘယ်မှာလဲ"

နွေဦး လန့်ခါသွားသလိုလှည့်မေး၍ မြတ်မိုးက. .

"အဟတ်ဟတ်. . မကြောက်ပါနဲ့ကွာ၊ မိုးပေါ်ထောင်ဝင် လိုက်တာပါ. . လက်ဘက်ရည်ဆိုင်မှာကျန်ခဲ့တယ်၊ ကြည်သာ ဆွေလည်း ပါလာတယ်. ."

"ဟုတ်လား. . ဘာအတွက်လဲ"

"ကျိုက်ထီးရိုးတက်ကြမယ်တဲ့၊ နှစ်ညအိပ် သုံးရက်၊ မိုး တို့အိမ်ကကားနဲ့ပဲသွားကြမှာ"

"အာ. . ငါမလိုက်တော့ဘူးကွာ၊ မင်းတို့ပဲသွားကြ"

"အဲ့ဒါ ပြဿနာလေ. . မင်းလိုက်မယ်ဆို ငါတို့ပါလို့ ခွင့်ရမယ်၊ မင်းမပါရင် ငါတို့လည်းမလိုက်နဲ့တဲ့ကွ"

"ဟာ. . ဒါကဘာလဲကွာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါပဲ. . . ငါပြောပြောနေတာလည်း အဲ့ဒါပဲ၊ မိုးခက ခင်းကိုတကယ်စိတ်ဝင်စားနေတာ. . ရှင်းလား"

"မဖြစ်နိုင်ဘူးကွာ. . တစ်ခုခုလွဲနေတာ၊ အေး. . အရင် တစ်ခါ 'စာ'ပြဿနာက ငါပေးတာထင်ပြီး သူရင်ခုန်တာဆိုရင် တော့ မတတ်နိုင်ဘူး၊ ငါလည်းမပေးဘူး ငါလည်းမကြိုက်ဘူး၊ ငါက လူတွေကို ဟောသလိုငုံ့ကြည့်တတ်တဲ့ မိန်းမမျိုးကို စိတ် မဝင်စားဘူးကွ. . ရှင်းလား"

"အေးပါ မင်းဘာသာ ဝင်စားစား,မစားစား ငါတို့တော့ ကျိုက်ထီးရိုးဘုရား ဖူးချင်တယ်ကွာ၊ ငါတို့စရိတ်နဲ့ငါတို့သာ သွား ရရင် ဒီတစ်သက်ရောက်မှာကို မဟုတ်တော့ဘူး၊ ဒါ ရှားရှား ပါးပါး ကံတရားလေးပါကွာ. . နော်. ."

နွေဦး အလုပ်လက်စသပ်ပြီး လက်အိတ်ချွတ်လိုက် သည်။

"ငါမလိုက်ချင်ဘူးကွာ. . . ကျောင်းပိတ်ရက်လေးမှာ အဖေ့ဆီက သင်ယူစရာတွေရှိနေတယ်"

"သုံးရက်ထဲပါ နွေဦးရာ၊ မိုးခက စရိတ်အားလုံး တာဝန် ယူမှာ. ."

"မလိုက်ဘူးကွာ"

"လုပ်ပါနွေဦးရာ. . ငါတို့ကိုသနားပါဦးကွာ. ."

ထိုစဉ် အလုပ်ရုံနောက်တံခါးပေါက်မှ အဖေဝင်လာ



www.burmeseclassic.com

www.burmeseclassic.com



ပြီး. .

"လိုက်သွားလိုက်ပါ နှစ်ညအိပ် သုံးရက်ထဲပဲဟာ"

"မဟုတ်ဘူး အဖေ. ."

"ဒီလိုသားရဲ့. . အဖေလည်း အခုချိန်ထိကို ကျိုက်ထီးရိုး မတက်ဖူးဘူး၊ သွားဖို့အခွင့်အရေးကိုတော့ အောင်ထူးတို့လိုပဲ နှစ်ခါလောက်ကြုံဖူးတယ်၊ ပထမတစ်ကြိမ်က မင်းအဖိုး လူနာ သည်းနေတာနဲ့ အဖေမလိုက်ဖြစ်တာ၊ ဒုတိယတစ်ကြိမ်က မင်း အမေရဲ့ညီမ ခင်စိန်ခေါ်တာလေ၊ သူတို့ညီအစ်မ ရန်ဖြစ်ထားကြ လို့ သူ့ညီမက ပြန်ချော့တဲ့နေနဲ့ ဘုရားဖူးပို့ပေးမယ် အစ်မကို ပါအောင်ခေါ်လာခဲ့လို့ဆိုတာ မင်းတို့အမေ ဒေါ်မာနရှင်က မလိုက်ဘူးလေ၊ ခင်စိန်က အစ်မ,မပါရင် အစ်ကိုလည်း မလိုက် နဲ့ဆိုလို့ ငါ့မှာမရောက်ဖြစ်တော့တာပေါ့၊ အဲ့ဒါကြောင့် အောင် ထူးတို့ကို အဖေကိုယ်ချင်းစာလို့ ပြောတာ. ."

သူ ဒီထက်ပိုပြီးငြင်းလို့မရတော့မှန်းသိစွာ အဝတ်အစား လဲပြီး လိုက်ပါလာခဲ့သည်။

ဆိုင်ကိုရောက်တော့ မိုးခက သူ့စတိုင်လ်အတိုင်း ချီချီ မော့မော့လှမ်းကြည့်ပြီးမှ အောင်ထူးတို့အား. .

"နင်တို့လိုက်ချင်တာနဲ့ပဲ ဘုရားပင့်သလို ပင့်လာခဲ့ရတယ် မဟုတ်လား. ."

"မဟုတ်ပါဘူးဟာ. . သူ ဝမ်းသာပြီးလိုက်လာတာ မယုံ



www.burmeseclassic.com

www.burmeseclassic.com



ရင်မေးကြည့်"

"မေးစရာမလိုပါဘူး ကြည့်လိုက်ရင်သိနေတာပဲ"

"နင်မှားနေပြီဟ. . မိုးခရ ငါတကယ်ဝမ်းသာတာ ဘယ်နေ့သွားမှာလဲ. ."

ခင်မိုးမိုးခ မယုံကြည်နိုင်သလိုမျက်လုံးလေး ပုတ်ခတ်ပုတ်ခတ်ဖြစ်သွားပြီးမှ. .

"သွားမှာတော့ မနက်ဖြန်ညနေထွက်မှာ. ."

"အိုခေ. . ကျေးဇူးပဲဟာ နင့်ကျေးဇူးကြောင့် ဒီကျောင်းပိတ်ရက်ကတော့ အရမ်းတန်ဖိုးကြီးသွားပြီ. . သိလား"

နွေဦး တစ်ကယ်ကိုစိတ်ပါလက်ပါ ပြောနေတော့၍. . ခင်မိုးမိုးခ အကြည့်မျက်လုံးတွေ အရောင်ပြောင်းလာကာ. .

"နွေဦး. . နင်တစ်ကယ်စိတ်ရင်းနဲ့ ပြောတာပါနော်"

"မိုးခရာ ငါတို့က အခုမှပေါင်းတဲ့ သူငယ်ချင်းတွေလား"

ခင်မိုးမိုးခ တစ်ကယ်ပင် ကျေနပ်သွားဟန်နှင့်. .

"ဝန်ခံရရင် ငါနင့်ကိုလာခေါ်လို့သာခေါ်တာ စိတ်ပူမိတယ်၊ ဘာပဲဖြစ်ဖြစ် ငါကမိန်းကလေးလေးဟာ၊ တော်ကြာတစ်မျိုးမြင်ရင်လည်းဒုက္ခ၊ နင်ပြောနေကြအတိုင်း ပြောလွှတ်လိုက်ရင်လည်းသေပြီ၊ အဲ့ဒါကြောင့် ကျေးဇူးပဲ၊ ဒီနေ့ကစပြီး နင်နဲ့ငါ့ကြားမှာ ဘာအရောင်မှမရှိဘူးလို့ သတ်မှတ်ကြမလား"

"အင်း. . စာပေးတဲ့ကိစ္စကရော"



www.burmeseclassic.com

www.burmeseclassic.com



ခင်မိုးမိုးခဆီမှာ ဒီလိုနူးနူးညံ့ညံ့ ရှက်ရွံ့သွားတာမျိုး ဘယ်တုန်းကမှမဖြစ်ဖူး၍ အားလုံးအံ့သြကုန်ကြခိုက် ကြည်သာဆွေက. . .

"နှင်လည်းငတုံးပဲ. . နွေဦး၊ မိုးခနေရာမှာ ငါသာဆို ဆောရီးပဲ. ."

"အေးပါ. . နှင့်ကိုလည်း ငါစိတ်မဝင်စားပါဘူး"

ထိုအခါ ခင်မိုးမိုးခက. .

"ကဲပါ. . သူငယ်ချင်းတွေကြားထဲ စိတ်ညစ်စရာတွေ မပြောနဲ့တော့၊ နှင်တစ်ကယ်လိုက်မှာနော်. . ."

"စိတ်ချ"

"ဒါဆို ငါတို့သွားတော့မယ်"

သည်တစ်ကြိမ်တော့ ခင်မိုးမိုးခတို့ ကော်ဖီဘိုး ကိုယ့်ဘာသာကိုယ် ရှင်းသွားကြသည်။

သူမတို့ပြန်သွားမှ မြတ်မိုးက. .

"ကဲ. . ငါပြောတာယုံပြီလား နွေဦး"

"ဘာကိုလဲ. ."

"မင်းကို သူစိတ်ဝင်စားနေပြီဆိုတာ"

နွေဦး မသိချင်ဟန်ဆောင်ပြီး လက်ဘက်ရည်လှမ်းမှာသည်။ ပြီးမှ. . .

"သူ့ဘာသာအိပ်မက်ယောင်နေတာပါကွာ၊ ငါးတန်း



www.burmeseclassic.com

www.burmeseclassic.com



နှစ်ကတည်းက တွက်ကြည့်ရင် အားလုံးငါးနှစ်ကျော် ခြောက်နှစ်ဖြစ်နေပြီ၊ မင်းတို့ပြောသလိုဟုတ်နေရင်တောင် အဲ့ဒါတစ်ကယ်မဟုတ်ဘူးဆိုတာ ငါလောင်းတောင်လောင်းရဲသေးတယ်. . ”

ထိုအခါ အောင်ထူးက. .

“မဟုတ်သေးဘူး နွေဦး. . ငါသိသလောက်တော့ လူဟာ ဆန့်ကျင်ဘက်သဘောတွေကို နှစ်သက်တယ်၊ ဥပမာ. . အရိုင်းစိတ်နဲ့ အယဉ်စိတ်ပေါ့၊ အပေါ်ယံစရိုက်ခြင်း ဆက်စပ်လို့မရပေမယ့် အဖွဲ့တွမှာ သာယာနေတယ်၊ အဲ့ဒါကို တပ်မက်စွဲလန်းတယ်. . ၊

ငါ့အမေက အရမ်းအပြောဆိုးတာ၊ တုတ်ထိုးအိုးပေါက်ကိုပြောပစ်တာ၊ အဖေက သိမ်မွေ့တယ်၊ စကားပြောရင် အရမ်းညင်သာတယ်၊ အဲဒီနှစ်ခုလုံး မွေးရာပါဗီဇတွေပဲ၊ ဒါပေမယ့် ရေရေလည်လည် ချစ်ကြတယ်ကွ၊ စကားများလည်း ခဏပဲ”

“မင်းမသိလို့ပါကွာ. . ချစ်တာကချစ်တာပဲ၊ ညစ်တာကညစ်တာပဲ. . ”

မြတ်မိုးဝင်ဖောက်၍ နွေဦးက. . .

“မနောက်ပါနဲ့ကွာ. . သူ့ခင်မျာ ခုမှ စာသံပေသံပေါက်တာပါ၊ အေး. . ဟုတ်ပြီလေ မနက်ဖြန်ညနေ ငါမိုးခအိမ်ကိုပဲ တန်းသွားမယ်. . မင်းတို့လည်း အဲ့ဒီကိုပဲလာခဲ့ပေါ့”

“ရက်စ်. . ဘဲရီးဂွတ်. . ကျေးဇူးတင်တယ်. . အဲသာတ်



www.burmeseclassic.com

www.burmeseclassic.com



ဟတ်”

အောင်ထူးတို့ပျော်နေတာကိုကြည့်ပြီး သူလည်းပျော်ပါသည်။ ဘာပဲဖြစ်ဖြစ် မနက်ဖြန် မိုးခပျော်မပျော်ကို သူ ခုတောင် သိမြင်ချင်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၂)

“သမီး. . မိုးခရေ. . ”

“ရှင်. . မေမေ”

“လေးနာရီထိုးနေပြီ. .၊ သမီးသူငယ်ချင်းတွေလည်း ရောက်မလာသေးပါလား”

“လာမှာပါမေမေရဲ့. . သချာပြောထားပါတယ်”

ဒီညနေ ဘုရားဖူးခရီးထွက်ကြမည်ဖြစ်၍ မိုးခတို့မိသားစု



www.burmeseclassic.com

www.burmeseclassic.com



စရုန်းသုန်းကားနှင့်ပြင်ဆင်နေကြသည်။ ဖခင်ဖြစ်သူ ဆုံးပါးပြီး နောက်ပိုင်း မိသားစုလိုက်ခရီးထွက်တာ ဒါပထမဦးဆုံးအကြိမ် ဖြစ်၍ သုံးရက်လောက်ကြိုတင်ပြင်ဆင်ထားသော်လည်း အစီအစဉ်တကျ မဖြစ်နိုင်သေး။ အိမ်မှာလည်း မိန်းမသားတွေချည်း ရှိနေတာလည်း ပါပါသည်။ သူမတို့သားအမိနှင့်အတူ အဒေါ် အပျိုကြီးနှစ်ယောက်လည်းရှိကာ သူ့ငါအော်၊ ငါ့သူအော်နှင့် ရှိနေခိုက်၊ ခြံရှေ့က လူခေါ်ခေါင်းလောင်းသံကြောင့် ဒေါ်ကြီး ထွက်ကြည့်သည်။

"ဟဲ့. . ခင်မိုးရေ. . အိမ်ရှေ့မှာဟဲ့"

မိုးခ၏မိခင်ဖြစ်သူ ဒေါ်ခင်မိုး ထွက်ကြည့်သည်။

"အလှူခံထင်တယ် အစ်မရဲ့"

"ဟဲ့. . အလှူခံက ခရီးဆောင်အိတ်နဲ့လာပါ့မလား"

ထိုစဉ် မိုးခ၏အဒေါ်ငယ်ပါထွက်လာပြီး. .

"ဘယ်က ဧည့်ဇင်းလဲ"

"ဟော. . မသိဘူးလေ၊ အလှူခံကြွတာလားလို့"

"ဒါဆို. . ကန်တော့. . ကန်တော့ပါသေးရဲ့လို့ ပြောလိုက်လေ. . ဒုက္ခပါပဲ၊ အလုပ်ရှုပ်နေပါတယ်ဆိုမှ သူတို့က လာပုံပြီး ဖရီးရိုက်နေသေးတယ်. ."

"အံမာ. . ငါက အိပ်ရာလိပ်ပြင်နေတုန်း ဘဲလ်သံကြားလို့ ထွက်ကြည့်တာလေ. ."



www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း အကြော်အလှော်တွေ ချိုင့်ထဲထည့်နေတာ"

"ဒါယိကာမကြီးတို့ . . "

အိမ်ရှေ့ရပ်နေသော ဦးဇင်းကအသံပြု၍ ဒေါ်ခင်မိုးတို့ ညီအစ်မတွေ မျက်လုံးအပြူးသားနှင့် လှမ်းကာကြည့်ကြသည်။

ထို့နောက် အဒေါ်ငယ်ဖြစ်သူက. .

"ဦးပဇ္ဇင်းဘုရား အမိန့်ရှိပါ့ဘုရား"

"အင်း. . ဒါယိကာမ မိုးခရှိသလားလို့ မေးချင်တာ"

"ဘုရား. . အဲ. . "

ထို့နောက် အဒေါ်ငယ်က အစ်မတွေဖက်လှည့်ကြည့်၍ လေသံနှင့်. .

"မိုးခတဲ့. . မိုးခ"

ထိုအခါ ဒေါ်ခင်မိုး အိမ်ထဲသုတ်ခနဲပြေးဝင်သွား၍ အဒေါ်ငယ်က. .

"ရှိ. . ရှိပါတယ်ဘုရား၊ တပည့်တော်မတို့ ခရီးသွားဖို့ပြင်ဆင်နေလို့. . အဲ့ဒါ. . "

"ဘုရားဖူးမဟုတ်လား"

"တင်ပါ့ဘုရား"

"အိမ်း. . ကျုပ်ကိုလည်း ဘုရားဖူးကြွဖို့ ဒကာမလေးမိုးခ ဖိတ်ထားလို့ ကြွလာတာ"

"ရှင်. . အဲ. . ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



မိုးခဖိတ်ထားတာဟုမိန့်၍ အဒေါ်ငယ်ဖြစ်သူ ပြာပြာသလဲနှင့် ခြံတံခါးဖွင့်ကာ. .

"တပည့်တော်ကို ခရီးဆောင်အိတ်ပေးပါဘုရား၊ အိမ်ပေါ်ကိုကြွပါဘုရား. ."

"သာဓုဗျာ. . ကဲ. . ကျုပ်ကြွပြီနော. ."

"တင်ပါ့ဘုရား"

ဥူးပဇ္ဇင်းလေး ကြွလာပြီဖြစ်သောကြောင့် အဒေါ်ကြီးလည်း အိမ်ပေါက်ဝမှာ ပြူးကြောင်ရပ်နေရာမှ ပြေးဝင်ကာ ဧည့်ခန်းထဲ နေရာထိုင်ခင်းပြင်တော့သည်။ သို့သော် ဧည့်ခန်းတစ်ဆောင်လုံး ပစ္စည်းတွေ အမျိုးသမီးအသုံးအဆောင်တွေနှင့် ပွပလဲနေ၍. .

"ဘုရားခန်း. . ဘုရားခန်းကိုပင့်ဟဲ့၊ ဒီမှာမနေသင့်ဘူး"

သို့နှင့် အပေါ်ထပ်ရှိ ဘုရားဆောင်သို့ ပင့်ကြသည်။

ဥူးပဇ္ဇင်း လှေခါးအတိုင်းတက်ကာ ကြွချီလာခိုက် မိုးခတို့သားအမိ ငြင်းကာခုံကာနှင့် လှေခါးထိပ်မှာဆုံကြသည်။

"ကြဲကြဲဖန်ဖန်အမေရာ. . သမီး ဘယ်ဥူးပဇ္ဇင်းနဲ့မှ မသိရ. . ရ. ."

သူမ စကားမဆုံးခင် လှေခါးအဆုံးသို့ရောက်လာသော ဥူးပဇ္ဇင်းလေးကိုကြည့်ကာ ပါးစပ်အဟောင်းသား ဖြစ်သွားရှာတော့သည်။ အဒေါ်ကြီးက ဥူးပဇ္ဇင်းလေးအား ဘုရားဆောင်



www.burmeseclassic.com

www.burmeseclassic.com



ရှေ့အထိ ပင့်ဆောင်ကာသွားသည်။

ထိုအချိန်အထိ သားအမိနှစ်ယောက် ငြင်းခုံနေကြဆဲ။

"နင်ပြောတော့ မသိဘူးဆို"

"မသိဘူးလေ မေမေ. ."

"အခုသိပြီလား"

"အင်း. . သိပြီ"

"နင်ဘာတွေလုပ်နေတာလဲ မိုးခ"

"ဟာ. . အမေ. . အဲ. . အဲဒါက. . ဒီ. . ဒီလို"

"ဟဲ့. . မိုးခ. . ဒီမှာ ဉူးပဇွင်းကို လာပြီးဝတ်ဖြည့်လေ"

"ဟုတ်. . အဒေါ်ကြီး ကဲ. . မေမေပါလာ"

ထို့နောက် သားအမိနှစ်ယောက် ဉူးပဇွင်းအား ဝတ်ဖြည့်ကြလေ၏။

"ဒကာမကြီးတို့ သွားဖို့အစီအစဉ်ရော ဖြစ်ရဲ့လား"

"ဖြစ်ပါတယ်အရှင်ဘုရား. . အားလုံး အဆင်သင့်ဖြစ်နေပါပြီ"

"ဒကာမ မိုးခ"

"ဘုရား"

"ဟိုဒကာတွေရော မရောက်သေးပါလား. . ၊ ကျုပ်က ရောက်နှင့်နေပြီလို့တောင်ထင်တာ. ."

"မိုးခရေ. . ဒီမှာ မြတ်မိုးတို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်. . အဒေါ်ငယ်၊ အပေါ်ကိုသာတက်ခဲ့တော့လို့"

"ကဲ. . အပေါ်တက်ခဲ့တဲ့ဟော့. ."

"ဟုတ်ကဲ့ ဒေါ်လေးငယ်"

အောင်ထူးနှင့်မြတ်မိုးတို့ လှေခါးအတိုင်းတက်လာကြပြီးမှ ဘုရားဆောင်သို့လှမ်းကြည့်ကာ လန့်ဖြတ်ကုန်ကြသည်။

"ဘာလဲဟ. . ဒီကောင်ဘာကြောင်တာလဲ"

"ဟ. . ဟော့ကောင်. . ဘုန်းကြီးဟ. . မင်း"

"ဟာ. . ကန်တော့. . ကန်တော့. . တို့ကောင် ဘယ်လိုဖြစ်ရတာတုန်း. ."

လုံးဝမျှော်လင့်မထားသော အခြေအနေဖြစ်၍ မိုးခရေ အောင်ထူးတို့ပါ အိုးတိုးအတနှင့်ရောက်လာပြီး ဝတ်ဖြည့်လိုက်ကြသည်။ ထို့နောက် အောင်ထူးက. .

"ဦးဇင်း. . ဒါက ဘယ်လိုဖြစ်တာတုန်းဘုရား"

"အိမ်း. . ကြုံကြိုက်တယ်ပဲပြောတော့ ဒကာကြီး၊ အမှန်တော့ ကျုပ်မယ်တော်ကကျုပ်ကို ဒီတန်ခူးလကတည်းက ပဇ္ဇင်းတက်ပေးချင်နေတာ ကျုပ်က ကျောင်းနေတာနောက်ကျလို့ ခုမှ ဆယ်တန်းဆိုပေမယ့် အသက်က ဆယ့်ရှစ်နှစ်ပြည့်ပြီ၊ ကျုပ်ကသာ ကတုံးနဲ့ကျောင်းတက်ရမှာစိုးလို့ မဝတ်တာ၊

ခုတော့ ဒီကဒကာမ မိုးခရဲ့ဒါနကို အမွန်အမြတ်ဖြစ်စေချင်တာရယ်၊ မယ်တော်ရဲ့ဆန္ဒ ပြည့်ဝစေချင်တာရယ် ပေါင်းပြီး



www.burmeseclassic.com

www.burmeseclassic.com



ကျုပ် ပဇွင်းတက်လိုက်တာ. ."

အဲဒီတော့မှ သူမမိခင်က. .

"ဩော်. . သမီးသူငယ်ချင်းတွေထဲက နွေဦးဆိုတာ"

"မှန်တယ်ဒကာမကြီး. . ကျုပ် အခုဘွဲ့နာမည်ကတော့ ဥူနန္ဒိယပါ. ။ ကျုပ်လူ့ဘဝနဲ့လာပြီး ဒီခရီးကို စားလိုက်သောက်လိုက် ပျော်လိုက်ပါးလိုက်နဲ့ ပြီးမယ့်အစား ရဟန်းဘဝနဲ့ ကြွပေးတော့ အလှူပေးပုဂ္ဂိုလ်တွေဖြစ်တဲ့ ဒကာမကြီးတို့အတွက် အကျိုးမများပေဘူးလား. ."

"များပါတယ်ဘုရား"

"အိမ်း. . သိတဲ့အချိန်မှာပြင်ပြီး မြင်သလောက်လုပ်မှ ဗုဒ္ဓအလိုကျဖြစ်တယ်၊ ကိုင်း. . မှန်သောစကားကြားနာပြီးပြီဖြစ်လို့ ကိုယ့်သဒ္ဒါအား ကိုယ့်ဘာသာပွားများကြပေတော့"

တစ်ကယ့်ကို ဝါတော်ရင့်သော ရဟန်းအတင့်အတယ်ကြီးသဖွယ် စကျွဲက္ကန္ဒြေကြီးနှင့်မိန့်လိုက်၍ မိုးခတို့မိသားစုရော အောင်ထူးတို့ပါ ကြက်သီးမွေးညှင်းထကာ သာဓုခေါ်ကုန်ကြတော့သည်။

"သာ. . ဓု. . သာ. . ဓု. . သာ. . ဓု. . ပါဘုရား"

"အိမ်း. . ကိုယ့်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြစေ"

"ပေးတဲ့ဆုနဲ့ ပြည့်ရပါလို၏ဘုရား"

ထိုနေ့ညနေ ခေါင်းခန်းက သူလိုက်မည်ငါလိုက်မည်ဟု



www.burmeseclassic.com

www.burmeseclassic.com



ငြင်းကာ နေရာလုနေကြသော ဒေါ်ခင်မိုးခတို့ညီအစ်မတွေ ဉာဏပဋ္ဌင်း ဉာဏနန္ဒိယအား ရှေ့ခေါင်းခန်းမှာ နေရာပေးလိုက်ကြရကာ နောက်ခန်းမှ တညည်းတွားတွား လိုက်ပါကြရတော့သည်။

"အမလေး . . ငါ့နှယ် . . ကူဖော်ရမလားလို့ မိမိုးခကို အားကိုးမိပါတယ်၊ ဘုန်းကြီးပင့်လာလို့ နေရာပါပျောက်ရတဲ့ အဖြစ် . . ငါ့နှယ် . ."

"မေမေရယ် . . ဒီလိုမှန်းသိရင် ငါးယောက်လောက်ခေါ် လိုက်ပါတယ် . ."

"အမလေး . . တော်ပါတော့"

"ဒါပေမယ့်လည်း ကျွန်တော်တို့နှစ်ယောက် ပါပါတယ် အဒေါ်ရာ . . အားမငယ်ပါနဲ့"

"အေးပါဟယ် . . ငါမတက်နိုင်ရင် နင်တို့ပဲ ကုန်းပိုးခိုင်းရ တော့မှာပဲ"

သူမ ရယ်သာရယ်နေရသော်လည်း ရင်ထဲမှာအတော် အီအီအာအာကြီးဖြစ်နေသည်။ ဘုရားတောင်တက်ရင်း နွေဦးနှင့် ဆိုသော စိတ်ကူးအိပ်မက်များ ကပြောင်းကပြန်ဖြစ်ကုန်ကာ တစ်လမ်းလုံး တင်ပ့ါဘုရား မှန်ပ့ါဘုရားနှင့်သာ ပြီးခဲ့ရ၍ . . .

(ဟင်း . . ကျောင်းဖွင့်တဲ့နေ့ နင့်ကတုံး ဖုပြီသာမှတ် . .)



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၃)

"ဟာ!. . မင်းလူထွက်လိုက်ပြီလား"

"အေးလေကွာ. . ကျောင်းမဖွင့်သေးပေမယ့် ကျူရှင်မှမပိတ်တာ. ."

နွေဦး ကျူရှင်သို့ ခေါင်းတုံးပြောင်ပြောင်နှင့်ရောက်လာ၍ အောင်ထူးတို့ မေးမြန်းနေကြခိုက် ခင်မိုးမိုးခရောက်လာတာ. . .



www.burmeseclassic.com

www.burmeseclassic.com



"ဂေါက်!. ."

"အား!. . ဘာလဲဟ"

"မကျေနပ်လို့. ."

"ဟာ. . ငါ့ကတုံးနဲ့ငါနေတာ နင့်. . ငါတယ်"

"အဲ့ဒီကတုံးကြောင့် ငါဘယ်လောက်စိတ်ဆင်းရဲသွားရတယ်မှတ်လဲ"

"ဟေ. . ဘာကိုလဲ"

"မသိဘူး. ."

ပြောပြီး. . ချာခနဲလှည့်ထွက်သွားသော ခင်မိုးမိုးခအား ငေးငြိုး ကတုံးပွတ်ကာကြည့်ရင်း. .

"အေး. . အဲဒါကြောင့် ကာတမေပဋ္ဌ ရူပုပါဒါနက္ခန္ဓာ ဒေဝနေပါဒါနက္ခန္ဓာ သညုပါဒါနက္ခန္ဓာ သင်္ခါရုပါဒါနက္ခန္ဓာ ဝိညာပါဒါနက္ခန္ဓာ အယံဝုစ္စတိဘိက္ခဝေဘာရော. . လို့ တို့ဘုရားကဟောတာ. ."

"သာဓု. . သာဓု"

"မင်းတို့က ဘာသိလို့ သာဓုခေါ်နေတာလဲ"

"ဟော့အေး"

"မသိဘဲနဲ့များ"

"မင်းရောသိလို့လား"

"ငါလည်းအလွတ်ကျက်နေရင်း လူထွက်ဖိုက်လို့ပေါ့



www.burmeseclassic.com

www.burmeseclassic.com



ကွာ၊ မဟုတ်ရင် သိတယ်"

"ဒါနဲ့များ. . ."

"ဒါပေမယ့် ခန္ဓာဝန်က သိပ်လေးလွန်းတယ်၊ ဆင်ခြင်ရမယ်လို့တော့ သိတယ်ကွ"

ထို့နောက် စာသင်ခန်းထဲသို့ ဝင်လာကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မချစ်မကောင်း...

ချစ်မကောင်းဟု...

ချစ်ကြောင်းစုံလင်

ချစ်ပုံပြင်ဖြင့်...

ချစ်သင့်ချစ်ကြ

ချစ်မဝပြီ...

ချစ်မှချစ်ဝဲ

အချစ်ရွဲ့ကြောင့်...

ချစ်သူခဲလည်း...ခံတော့မည်။

www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၄)

"မမ. . ဟိုမှာ ကိုနွေဦး"

ညီမငယ် နောက်ကနေအသံပေး၍ ကြွေ ဆိုင်ကယ်ရပ်ကာ လှည့်ကြည့်ရှာဖွေရင်း. . .

"ဘယ်မှာလဲ"

"ဟိုရှေ့မှာလေ. . ကတုံးကြီးနဲ့"

သူမမျက်မှောင်ကြုံ့သွားပြီး ဆိုင်ကယ်ကိုဘီလှိုမ့်ပြီးရင်း



www.burmeseclassic.com

www.burmeseclassic.com



မယုံကြည်နိုင်အောင်ဖြစ်နေသည်။

အနားရောက်မှ တကယ်နွေဦးဖြစ်နေ၍. . .

"ဟောတော်အဲဒါက ဘယ်လိုဖြစ်သွားတာတုန်း"

နွေဦးလှည့်ကြည့်တော့ ကြွေတို့ညီအစ်မဖြစ်နေ၍ ရှက်ရယ်ရယ်ရင်း. . ဦးခေါင်းတုံးပြောင်ပြောင်ကို အရသာခံကာ ပွတ်သပ်ရင်း. . .

"ဘယ်လဲကြွေ"

"ဒီမှာလေ အငယ်မက ကရင်မုန့်ဟင်းခါး စားချင်တယ်ဆိုလို့ ကိုနွေဦးရော လိုက်စားပါလား"

နွေဦး ရေငတ်တုန်း ရေတွင်းထဲကျသွားသည်။ ကျောင်းတက်ချိန်မှာ ကျောင်းတက်ခွင့် မရတော့၍ စိတ်ထဲဟာတာတာကြီးဖြစ်နေသဖြင့် လက်ဘက်ရည်ဆိုင်ထွက်ထိုင်ဖို့ စိတ်ကူးနှင့်ထွက်လာခြင်းဖြစ်သည်။

သို့သော်. . တစ်ယောက်ထဲ ယောင်ခြောက်ခြောက်နှင့်သိပ်တော့ အဆင်မပြေ၊ ယခုမူ စကားပြောဖော်ရမည့်အပြင်ကိုယ့်ရင်ခုန်သံ ကိုယ်ပြန်ကြားရမည့် အခွင့်အရေးမို့. . .

"သွားနှင့်လေ လိုက်ခဲ့မယ်"

"ဟာ. . မဟုတ်တာ၊ လာ. . ကိုနွေဦးမောင်၊ ကျွန်မတို့နောက်ကလိုက်စီးမှာပေါ့"

ဟန်ကျလိုက်သည့်ဖြစ်ခြင်း၊ နွေဦးငြင်းမနေဘဲ ဆိုင်ကယ်



www.burmeseclassic.com

www.burmeseclassic.com



ယူကာ ခွလိုက်သည်။ နောက်ကနေ သူနှင့်ကပ်လျက် ကြွေ ဝင်ထိုင်သဖြင့် နွေးထွေးနူးညံ့လွန်းသော အထိအတွေ့ကြောင့် နွေဦးရင်တွေ ဂယက်ထကုန်တော့သည်။

"ကိုနွေဦး ဘာစိတ်ကူးပေါက်ပြီး ကတုံးတုံးပစ်တာလဲ"

"စိတ်ကူးပေါက်တာမဟုတ်ဘူး စိတ်ရှုးနှောက်တာ၊ လူ့ဘ၀ကြီးကို ညည်းငွေ့လာလို့ ဘုန်းကြီး၀တ်မယ်ဆိုပြီး ကတုံးတုံးလိုက်တာ"

"တကယ်ကြီးလား"

"အင်း. . အခုလို မိန်းကလေးလှလှလေးနဲ့ ဆိုင်ကယ်အတူစီးရတော့ ဘုန်းကြီး၀တ်ချင်စိတ် ပျောက်သွားပြီဗျ. . အဟီး"

"ဟယ်. . လူနောက်ကြီး. . အခစ်ခစ်ခစ်"

သို့နှင့် နွေဦးစိတ်က နွေရာသီလို ပူပြင်းမှုတွေ ဆောင်းဦးပေါက်လို လန်းဆတ်လာခဲ့သည်။ သူမတို့နှင့် ကရင်မုန့်ဟင်းခါး ၀င်စားသည်။

ရခိုင်မုန့်တီလို ပုံစံမျိုးထဲမှာ ပဲပင်ပေါက်တွေ၊ ခရမ်းချဉ်သီးတွေ၊ ဂေါ်ဖီတွေ၊ အစိမ်းလိုက်ရောထွေးစားရသော ကရင်မုန့်ဟင်းခါး၏အရသာကို သူ ခံတွင်းမတွေ့လှသော်လည်း ရင်ထဲမှာ ချိုမြိန်ပြီးသား ခံစားမှုနှင့် ပေါင်းစပ်ထား၍ ကရင်မုန့်ဟင်းခါးကို ပထမဦးဆုံး အမှတ်ရစရာ ဖြစ်ခဲ့သည်။

"ဖြုပ်သီးစပ်သွားလို့ လက်ဘက်ရည်၀င်သောက်ကြရ



www.burmeseclassic.com

www.burmeseclassic.com



အောင်. . ဒီတစ်ခါ ကျွန်တော့်အလှည့်ပေါ့”

“ဟင့်အင်းမထိုင်တော့ဘူး ကိုနွေဦး၊ အိမ်မှာစာသင်ချိန် နီးနေပြီ”

“ဩော်. . အင်း. . ဒါဆိုပြန်နှင့်လေ”

“ဟုတ်. . ဒါနဲ့ ကိုနွေဦး၊ ဒီနေ့ ကျောင်းမတက်ဘူးလား”

နွေဦး ရုတ်တရက်ပြန်မဖြေနိုင်ပဲ ခဏအကြာမှာ ကတုံး လေးပွတ်ပြီး. . .

“ကတုံးတုံးထားလို့. . ဟဲ. . ဟဲ. . ဟဲ. . ”

“သွားမယ်နော်”

“ကောင်းပါပြီ ကရင်မုန့်ဟင်းခါးက ရင်ထဲထိတယ်ကွ၊ ကျွန်တော်အရမ်းကြိုက်တာပဲသိလား. . ဟင်း. . ဟင်း. . ဟင်း”

သူမတို့ဆိုင်ကယ်လေးထွက်သွားမှ လျှာဘရိတ်ပေါက် နေတာကို သတိထားမိပြီး ချွေးပြန်ကာသွားသည်။ ဘုရားရေ ငါ့ကို အထင်သေးစရာများ ဖြစ်ကုန်ရင်တော့. . .

မည်သို့ဆိုစေ ကြွေ့ကိုယ်သင်းနံ့လေး စွဲကျန်နေခြင်းအ တွက် ဒီနေ့ ရေမချိုးဘဲ အိပ်ယာဝင်ဖို့ သူဆုံးဖြတ်ထားမှာ သေချာ ပါသည်။ ကျွန်တော် တကယ်စွဲမိနေပြီ. . ကြွေ. . ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၅)

ကျောင်းတွေပြန်ဖွင့်၍ နှစ်ဝက်စာမေးပွဲ ရမှတ်များ သိရသည်။ နွေဦး Chemistry နှင့်ကျခဲ့သည်။ ခုချိန်ထိလည်း ထိုတစ်ဘာသာနှင့်တစ်နေ၍ ကျူရှင်ဆက်မတက်ဖို့တောင် စိတ်ကူးနေမိသည်။

ထို့ကြောင့် တစ်မိုးတွင်းလုံးပစ်ထားခဲ့သော သူ၏အပင်တွေကြားထဲ ပြန်ရောက်ကာ မြတ်နုတ်,ပေါင်းသင်ရင်းသော စိတ်



www.burmeseclassic.com

www.burmeseclassic.com



ကိုကုစားနေဖြစ်သည်။

ကျောင်းတက်တော့လည်း ယခင်လောက်မတက်ကြွ။ သည်ကြားထဲမှ စိတ်ရှုပ်စရာမြင်ကွင်းတစ်ခုက ရှေ့ရောက်လာခဲ့သည်။

တစ်ခြားမဟုတ် . . ဆရာမအနီးသို့ ဇွဲကြီးကြီးကပ်နေသော ဘူတာကြီး . .။

ခါတိုင်းလို ကျောင်းဝင်းအပြင်အထိ လိုက်ပို့ခြင်းမဟုတ်တော့ဘဲ တစ်ဆင့်တက်၍လာခဲ့သည်။ နေ့လယ်ထမင်းစားချိန်တိုင်း အချိန်မှန်ရောက်လာပြီး ဆရာမအတွက် ဟင်းတစ်မျိုးမဟုတ် တစ်မျိုးယူလာပေးကာ ထမင်းစားကျောင်းပြန်တက်မှ ပြန်သွားသည်။

ဆရာမကလည်း ကလေးတွေရှေ့မှာဖြစ်၍လား . . သို့မဟုတ် အိမ်ကမိဘတွက်ကို အားနာ၍လားမဆိုနိုင်၊ ထိုတစ်ချိန်စာအတွက် အတန်းထဲက ဆရာမစားပွဲမှာပင် အပိုခုံတစ်လုံးချထားပေး၍ ဧည့်ခံနေရလေသည်။ သူကြည့်မြင်နေရသလောက် ဆရာမဘက်က အလိုဆန္ဒမရှိတာ သေချာသည်။ ဟိုလူကြီးက ဘယ်လိုပဲ ရယ်အောင်ပြုံးအောင်စစ လုံးဝမရယ်မပြုံးဘဲ ခတ်တည်တည် ခတ်တင်းတင်းသား ဆက်ဆံလေ့ရှိသည်။

ပိုဆိုးတာက တစ်ခြားအတန်းကကောင်တွေ လာလာချောင်းကြည့်ပြီး ရယ်ပွဲဖွဲ့စရာ စကားအတင်းတွေ ကြားနေရခြင်း



www.burmeseclassic.com

www.burmeseclassic.com



ပင်. . ။

မနက်ခင်း နောက်ဆုံးချိန် စာကြည့်တိုက်ဝင်ရသဖြင့် အတန်း၏တံခါးအား သော့ခတ်ခဲ့ကာ အားလုံးစာကြည့်တိုက်သို့ သွားရသည်။ သော့က မော်နီတာလက်ထဲမှာဖြစ်၍. . .

"အောင်ထူး. . မော်နီတာဆီက သော့ငှားပေးကွာ"

"ဘာလုပ်ဖို့လဲ. ."

"ငါလုပ်စရာရှိလို့"

အောင်ထူးနှင့်မော်နီတာက အရမ်းခင်ကြ၍ ရခဲ့သည်။ ထို့ကြောင့် သူအတန်းထဲသို့ပြန်ကာ အလုပ်စတော့သည်။ အိမ်ကနေ အသင့်လုပ်ပြီးယူလာသော ခွေးလယားသီးအမှုန့်များအား ဟိုဘူတားကြီးထိုင်မည့်ခုံတွင် ဖြန့်ကာဖြူးလိုက်သည်။ လက်တင်သည့်တန်းပါမကျန် ဖြူးထားလိုက်၍ ကျေနပ်သွားပြီးပြန်အလှည့် ဖွင့်ထားသောတံခါးမှ မော်နီတာဝန်လာကာ. . .

"မင်းဘာလုပ်နေတာလဲ"

"ငါ. . ဟို. . ငါစာအုပ်ကျန်ခဲ့လို့ ပြန်လာယူတာလေကွာ"

"စာအုပ်ယူတာ အဲ့ဒီမှာဘာလုပ်တာလဲ"

ခွေဦး ကပျာကသီစဉ်းစားလိုက်ပြီးမှ. . .

"ဘော့လ်ပင်. . ဘော့လ်ပင် မင်ချောင်းလဲရင်း စပရင်ရှေ့ကအဆံလေး ဒီဖက်ခုန်ထွက်သွားလို့ လိုက်ရှာနေတာ"

www.burmeseclassic.com



"တွေ့လား"

"မတွေ့ဘူး"

"မတွေ့လည်းပြန်မယ်. . ဟိုမှာ သုတဆရာ လူစစ်နေပြီ၊ လူမစုံရင် ငါအတီးခံရမှာကွ. . မြန်မြန်ထွက်"

"အာ. . အေး. . အေးပါ"

နောက်ဆုံးအချိန်ကုန်ပြီး ထမင်းစားဆင်းချိန်ရောက်လာ၍ နွေဦး ခါတိုင်းလိုအပြင်ထွက်မစားဘဲ အခန်းထဲမှာပင် ထမင်းစားဖို့ ပြင်သဖြင့် အောင်ထူးတို့လည်း နွေဦးဘေးမှာပင် ဝိုင်းဖွဲ့ကြသည်။

"ဒီနေ့အပြင်မထွက်ဘူးဆိုတော့ ထမင်းစားပြီး အချိုမတည်းရတော့ဘူးပေါ့"

"ဩော်. . အဲ့ဒါထက်ပိုပြီးချိုတာ ငါပြမယ်. . ကြည့်နေ"

အောင်ထူးတို့နားမလည်နိုင်ဘဲ ထမင်းစားကြခိုက် နွေဦးလည်းအတန်းဝဖက် တမျှော်မျှော်နှင့် စားနေလိုက်သည်။ ထိုအခိုက် မိုးခတို့အုပ်စုလည်း သူတို့ဝိုင်းမှာ လာပေါင်းကာစားကြသည်။

"ဒီနေ့ နင်တို့ဘိုင်ပြတ်နေလို့ အခန်းအောင်းပြီးစားတယ်ပေါ့လေ. ."

"မသိပါဘူးဟာ. ."

"နင်တို့ဘုန်းကြီးလူထွက် မွဲသွားလို့နေမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်း မိုးခက သူမခံချင်အောင် စကားလှမ်းပစ်နေသော်လည်း ဂရုမစိုက်နိုင်အားပဲ အခန်းထဲ အိခနဲဝင်လာသော Chemistry ဆရာမ ဝဝကြီးကိုကြည့်ကာ နွေဦးလန့်နေသည်။

"ဟေး. . ဒီနေ့ တို့ညီမလေးတစ်ယောက်ထဲပါလား"

"ဟုတ်. . မမ. . လာ. . ထမင်းစားပါဦး"

"စား. . မမတော့ ဆာလို့ အစောကြီးစားလိုက်ပြီ"

ပြောရင်းနှင့် ဆရာမဘေးကခုံလွတ်မှာ Chemistry ဆရာမ ဒေါ်အင်မီ ဝင်ထိုင်ချလိုက်သဖြင့် နွေဦးလက်ထဲက ထမင်းချိုင့်အံကလေး လွတ်ကျသွားတော့၏။

"ဟာ. . ဒီကောင်ကွာ၊ အောက်မှာ ပလဲကုန်ပြီကွ"

နွေဦး မဖြေနိုင်မပြောနိုင်ပါ။ မြတ်မိုးထည့်လာသော ငါးပိရည်ချိုင့်အား လှမ်းယူကာ ခတ်သောက်နေ၍ အားလုံးက နွေဦးကို အရှုံးလိုကြည့်ကြသည်။ နွေဦးလည်း မရှုံးရုံတမယ်စိတ်မျိုးနှင့် ဆရာမတို့ဝိုင်းအား ပြုံးကြောင်ကာကြည့်သည်။

ထို့ကြောင့် အားလုံးသတိထားမိကာ အတန်းရှေ့သို့ အကြည့်ရောက်ကုန်ကြတော့သည်။

ထိုစဉ်မှာပင် ဆရာမဒေါ်အင်မီ ရယ်မောပြောဆိုရင်း လက်မောင်းတွေကိုကုတ်လေသည်။ ထို့နောက်. .

"အမလေး!. . ယားလိုက်တာ. . အား. . ကျွတ်"

ကုတ်လေယားလေ၊ ပွတ်လေလိမ်လေဖြစ်ကာ ဆရာမ



www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်လုံးတွန့်ခါကာ ကုတ်မနိုင်ဖွဲ့မနိုင်ဖြစ်ကာ ငိုယို၍ ကုတ်ဖွဲ့လေ၏။

"မမ . . မမရေ"

"အား!. . ယားတယ်. .၊ အီး. . ညီမလေးရေလုပ်ပါဦး အား. . ."

"မမ . . ဟဲ့. . တစ်ယောက်လောက် ကျောင်းဆေးခန်း ဖွင့်လား သွားကြည့်စမ်း. ."

"မမ. . ရရဲ့လား"

"မရဘူး. . အား. . အမလေး"

နွေဦးလက်ထဲက ငါးပိရည်ချိုင့်လည်း တစ်စက်မှမကျန်အောင် ကုန်စင်ကာသွားသည်။ ထို့နောက် သူ၏လက်ထဲမှချိုင့်ကို ချကာ အတန်းထဲမှ ထွက်သွားလေတော့သည်။

ထမင်းစားပြန်တက်ချိန်က မြန်စာအချိန်ဖြစ်သော်လည်း နွေဦးပြဿနာ ဖြေရှင်းမှုမပြီးသေး၍ မြန်မာစာဆရာမ ရောက်လာသော်လည်း သင်လို့မရ။

ဆရာမလည်း အတန်းထဲမှမထွက်နိုင်ဘဲ သူ့ရှေ့မှာခေါ်ပြီး လက်ပိုက်ရပ်ခိုင်းထားသော နွေဦးမျက်နှာကို စေ့စေ့ကြည့်နေသည်။ ထိုအခိုက်မှာပင် ထိန်းရုံးဆရာ ဦးကျော်စိုးရောက်လာကာ. .

"နွေဦး. ."



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ. . ဆရာ"

"မော်နီတာပြောပြတဲ့အတိုင်းဆို ဒါ မင်းလက်ချက်ပဲကွ သိရဲ့လား၊ ခုံမှာလည်း ခွေးလယားသီးအမှုန့်တွေ တွေ့တယ်၊ မင်းဝန်ခံမှာလား. . မခံဘူးလား"

"ကျွန်တော်ဝန်ခံပါတယ်၊ ဆရာပြောတာမှန်ပါတယ်"

"ဘာကွ. . မင်းရှူးနေလား၊ ဒေါ်အမ်မီလောက်သဘော ကောင်းတဲ့ဆရာမ မင်းရှာကြည့်စမ်း၊ စာသင်ရင်. . ကလေးတို့ ရေ. . ကလေးတို့ရေနဲ့. .၊ မင်းကို နောက်ဆုံးကြိမ်ဒဏ်အပြစ် ပေးတုန်းကလည်း မင်းကိုထပ်မရိုက်တော့ဖို့ မျက်ရည်နဲ့တောင်း ပန်တာလည်း သူပဲ. . ဒါနဲ့များကွာ. . တောက်"

"ကျွန်တော့်ကိုအပြစ်ပေးပါတော့ဆရာ"

ခေါင်းငုံ့အံကြိတ်ပြီးပြောလိုက်သော နွေဦးအား အတန်း ပိုင်ဆရာမ ဒေါ်ခင်မျိုးဝင်းက မျက်နှာကိုဆွဲမော့ပစ်လိုက်ကာ. .

"မင်းငါ့ကိုကြည့်စမ်း. . မင်းဘာကြောင့် ဒီလိုလုပ်တာ လဲ"

နွေဦးမဖြေပါ. .

"ငါမေးနေတယ်လေ. . ဖြေစမ်း၊ မင်းဘာကြောင့်လုပ်မိ ပါတယ်ဆိုတာ အမှန်တိုင်းဖြေစမ်း၊ Chemistry နဲ့ကျလို့လား"

နွေဦးခေါင်းခါသည်။

"ဘယ်သူ့ကိုမကျေနပ်လို့လဲ. . "



www.burmeseclassic.com

www.burmeseclassic.com



တုန်ခါပြီး ကျယ်လွန်းသောအသံကြောင့် မျက်ရည်တို့ဖြင့် နီအစ်နေသော ဆရာမမျက်နှာက အနည်းငယ်ပြာနှမ်းသွားသည်ဟု သူတွေးနေခိုက် ဆရာမ ကြိမ်လုံးလှမ်းဆွဲကာ စိတ်ရှိလက်ရှိ ရိုက်ပစ်လေတော့သည်။

မရည်ရွယ်ဘဲ. . . ကြီးကျယ်ယုတ်နိမ့်လွန်းတဲ့ အပြစ်ပါဆရာမ. .၊ ကျွန်တော့်တစ်ကိုယ်လုံး ထုပိန်းနေလို့ ရိုက်လည်းနာမှာမဟုတ်တော့ပါဘူး. . ။

ခံစားမှုမရှိသော ကျောက်ရုပ်တစ်ရုပ်လို ငြိမ်ခံနေသော နွေဦးကို ဆရာမ ဆက်မရိုက်တော့ဘဲ ချုံးပွဲချကာငိုပါသည်။

ထို့နောက်တော့ ထိန်းရုံးဆရာဦးကျော်စိုးက နွေဦးအား ဆွဲခေါ်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၆)

ကျောင်းထုတ်ခံရသည့်ကိစ္စအတွက် အိမ်ကို အဖြစ်အမှန်အတိုင်း ပြောပြလိုက်၍ အဖေရောအမေပါ စိတ်မကောင်းဖြစ်ကြသည်။

“အေးလေ. . ငါ့သားစိတ်ထဲမှာ ကိုယ့်ဆရာ၊ ဆရာမအပေါ် ထိခိုက်စော်ကားလိုစိတ် အလျဉ်းမရှိဘူးဆိုတာ အဖေယုံကြည်ပါတယ်၊ ဒီလိုဖြစ်ရတာလည်း ကံကွက်ကြားလို့ပဲဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



ကာ ဘာတတ်နိုင်မှာလဲ. .၊ ဒါကို သားဆရာမကလည်း အဖေ့ကိုပြောပါတယ်၊ သူမေးတုန်းကမဖြေတာ အရမ်းနစ်နာတယ်တဲ့၊ သားစိတ်နဲ့ရည်ရွယ်ချက်ကို သူသိနေလို့ အတင်းဖြေခိုင်းနေတာ မဖြေတဲ့ရည်ရွယ်ချက်ကိုလည်း သူသိလို့ စိတ်မကောင်းဖြစ်နေရှာတယ်. .၊ ကဲပါလေ. . အဲ့ဒါထား. . အခု ဘာလုပ်မယ်ဆိုတာ အရေးကြီးတယ်”

“သား. . အပြင်ကနေ ဆက်ဖြေမယ်”

“ဟုတ်ပြီ. . အဖေလိုချင်တာအဲ့ဒါပဲ၊ လဲရင် လဲတဲ့နေရာက ပြန်ထရဲတဲ့သတ္တိ ရှိရမယ်ကွ”

“သားကြိုးစားပါ့မယ်”

အမေကတော့ ဘာမှမပြော၊ သူ့သားကျောင်းထုတ်ခံရတယ်ဆိုတာတစ်ခုနှင့်တင် အိပ်ရာထဲဝင်ခွေကာနေသည်။ စက်ဆိုင်ပါပိတ်ထားရ၍ သူ့စိတ်ကို အမြန်ဆုံးပြင်ဆင်အားဖြည့်ကာ စတင်လိုက်ရသည်။

အမေ. . ပြန်ထပါတော့. .။

သူ ကျူရှင်လည်းမတတ်ဖြစ်တော့၍ Chemistry တစ်ဘာသာအတွက် ကြွေ့ဆီမှာအကူအညီတောင်းမိသည်။

“ကျွန်တော့်အတွက် အဲ့ဒီတစ်ဘာသာပဲ ကြွေ၊ Chemistry အောင်ရင် ကျွန်တော်အောင်ပြီ”

“ဒါဆို ဒီနှစ်အောင်မှာပါ ကြွေ Chemistry ပိုင်တယ်”



www.burmeseclassic.com

www.burmeseclassic.com



တကယ်သင်ကြည့်တော့လည်း အဆင်ပြေပါသည်။ ဆရာတစ်ယောက်၏ သင်ကြားမှုမျိုးမဟုတ်ဘဲ ပိုင်ပိုင်နိုင်နိုင် နားလည်သည့် ကျောင်းသားတစ်ယောက်က အခြားကျောင်းသားတစ်ယောက်အား နားလည်အောင်ကူညီပေးမှုမျိုးဖြစ်၍ နွေဦးလိုခတ်ဒူဒူအတွက် ရိုးရှင်းလွယ်ကူလာခဲ့သည်။

သူအလွန်ကြောက်သော ဩဂဲနစ်အခန်းကိုတောင် ထိုက်သင့်သလောက်နားလည်အောင် ရှင်းပြပေးနိုင်သော ကြွေ့အရည်အချင်းကို သူလေးစားသွားခဲ့သည်။

"ကြွေ Chemistry ဂုဏ်ထူးထွက်တာ တကယ်ထိုက်တန်ခဲ့တာပဲ၊ ကျွန်တော်ကျတာလည်း တန်တယ်လေ. . "

"ဘယ်လိုကြီးတုန်း"

"ရမှမရဘဲ. . ကျတာတန်တာပေါ့"

ကြွေပြုံးလျှင် သူ့တစ်ကိုယ်လုံး နုံးခွေသွားမတတ် ညို့အားပြင်းလွန်းသည်။ ကြွေရယ်လျှင် သူပါလိုက်ရယ်ချင်သော စွဲလမ်းမှုက သူ့ရင်ထဲမှာ လှုလွန်းသည်။

သည်ကာလအတွင်း ကြွေ့ဆီမှာ တစ်နေ့နှစ်နာရီနီးပါးစာသင်ခွင့်ရပြီး နေ့တိုင်းဆုံတွေ့ခွင့်ရသော ရင်းနှီးမှုက ပုံမှန်ထက် လွတ်လပ်ပေါ့ပါးသဖြင့်. . နေ့ခင်းနေ့လယ် ကြွေပျင်းနေလျှင်သို့မဟုတ် လမ်းကြုံလျှင် အိမ်ကိုရောက်လာတတ်ပါသည်။ သူသွားလည်ပတ်တာမျိုးလည်း ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်. . သူ ပန်းပင်တွေနှင့်အလုပ်ရှုပ်နေတုန်း ကြွေ ရောက်လာပါသည်။

"ကိုနွေဦးက အပင်တွေစိုက်တာ ဝါသနာပါတယ်နော်၊ ပန်းလေးတွေလည်း လှလိုက်တာ. ."

"ကြွေပန်ချင်လား"

"ဟင့်အင်း. . ကြွေက ပန်းကိုချစ်တယ် မပန်ဘူး"

"ကျေးဇူးပဲ. . ကျွန်တော်လည်း စိုက်ချင်တယ် မခူးချင်ဘူး"

"ဟင်. . ဒါနဲ့များ ဟန်ဆောင်ပန်ဆောင်နဲ့. ."

"ဩော်. . ကြွေပန်ချင်ရင်တော့ ခူးရတော့မှာပေါ့၊ ပန်းဆိုတာ ပွင့်ပြီးရင် ကြွေမှာပဲမဟုတ်လား. .၊ အဲ့ဒီတော့ ကြွေပန်ရင် ဘယ်ပန်းကပြင်းမှာလဲ"

"ဒီလူကြီး စကားလည်းတတ်ရဲ့သားနဲ့ ဆယ်တန်းမအောင်ဘူး. . ."

"Chemistry မတတ်လို့ပါ အစ်မရယ်. ."

ရယ်ကြသည်။ ထို့နောက် နွေဦး ကော်ဖီနှစ်ခွက်ဖျော်ယူလာပေးပြီး ခြံထဲမှာပင်ထိုင်ကာ သောက်ကြသည်။

"ဝန်ခံရရင် ကြွေ ကိုနွေဦးကို အားကျတယ်"

"ဟော. . ဒီငမွဲကိုများ"

"ငွေကြေးမဟုတ်ပါဘူး. . ဘဝကိုပါ၊ တစ်ဦးတည်းသော



www.burmeseclassic.com

www.burmeseclassic.com



သားသမီးချင်းအတူတူ ကိုနွေဦးက အဖေနဲ့အမေ့ကြားမှာ နွေးထွေးငြိမ်းချမ်းတဲ့ဘဝလေးနဲ့ နေရတာလေ၊ ကိုနွေဦး ကျောင်းထုတ်ခံရတော့ ဦးလေးတို့အဒေါ်တို့က ဆူလား. ."

"အဖြစ်မှန်သိတော့ မဆူကြပါဘူး၊ ကျွန်တော်စိတ်လေသွားမှာစိုးလို့တောင် နှစ်သိမ့်ကြပါတယ်၊ ဘာဖြစ်လို့လဲ. ."

"ဩော်. . အဲ့ဒါ ဘဝရဲ့အချိုမြိန်ဆုံးရသပဲလေ၊ ဆူတာပဲဖြစ်ဖြစ်၊ နှစ်သိမ့်တာပဲဖြစ်ဖြစ် အဲ့သလိုခံစားမှုမျိုးမရခဲ့၊ မရှိခဲ့တဲ့သားသမီးတွေအတွက် ဘယ်လောက်ငတ်မွတ်နေခဲ့မလဲ၊ ကြွေတစ်ခါလောက်ရဖူးချင်တယ်၊ ဖေဖေမေမေတို့ ဆူတာငေါက်တာနှစ်သိမ့်တာတစ်ခုခုပေါ့၊ ကြွေလည်း ဆိုးခဲ့ပါတယ်၊ အဖိုးအဖွားကသနားပြီး အလိုလိုက်ထားတော့ အရမ်းကို ဟော့ပစ်တာ၊ စိတ်ထဲထင်ရာ အကုန်လုပ်တာပဲ၊ ကြွေဘာလုပ်လုပ် ဆူမယ့်ပြောမယ့်မိဘမှမရှိတာ. .၊

အဖိုးရောအဖွားပါမရှိကြတော့ ပိုလွတ်လပ်ပြီး ပိုကဲတာပေါ့၊ ဒါကို ဦးလေးကသိတော့ ဒီကိုခေါ်လာပြီး ထိန်းပေးတယ်၊ ဒီရောက်ကာစအထိ ဆိုးတုန်းပါပဲ၊ ရောက်ပြီးသိပ်မကြာဘူး ဦးလေးဆိုင်ကယ်တစ်စီးကို ကြွေစိတ်ပေါက်ပေါက်နဲ့ အိမ်ဘေးကရေကန်ထဲ တွန်းချပစ်တာ၊ နောက်တစ်စီးမပြောင်းပေးရင် အဲ့ဒီဆိုင်ကယ်ကို မီးရှို့ပစ်မယ်ဆိုလို့ အခုစီးတဲ့ဆိုင်ကယ်ကိုဝယ်ပေးတာ၊ အဲ့ဒါလည်း ကြွေစိတ်ရှိလက်ရှိလုပ်ပစ်လို့ ကိုနွေဦးတို့ဆိုင်ကို



www.burmeseclassic.com

www.burmeseclassic.com



တောင် အပ်ရသေးတယ်"

"အခုတော့ ကြွေမဆိုးပါလား"

"အဟင်းဟင်း. . ဦးလေးရော ဒေါ်လေးကပါ ဆူတယ် လေ၊ မိန်းကလေးတစ်ယောက်ရဲ့ နေနည်းထိုင်နည်းကိုလည်း သင်ပေးတယ်၊ ကြွေအအေးမိပြီး ဖျားတုန်းက ဒေါ်လေးက ကြွေ့ ကို ရင်ခွင်ထဲထည့်ပြီးသိပ်တာ၊ အရမ်းလည်းဂရုစိုက်တာပဲ၊ ကြွေ့ မှာ အဖေနဲ့အမေ ရပြီလို့ခံစားတော့ ကြွေမဆိုးတော့ဘူးပေ့ါ၊ လိမ္မာလာတော့ ပိုချစ်ကြတယ်၊ ကြွေလည်း ပိုပြီးပျော်လာတယ်၊ အဲ့ဒါကြောင့် ကိုနွေဦးဘဝကို အားကျတယ်လို့ပြောတာ. ."

"ကျွန်တော်လည်း ကြွေ့ဘဝကို နားလည်ခံစားမိပါတယ်၊ ဒီကရွှေ့ ကြွေ့မှာ အခက်အခဲရှိရင် ဆိုးကောင်းတိုင်ပင်စရာရှိရင် အစ်ကိုတစ်ယောက်လို တိုင်ပင်ပါ၊ ဆောရီး. . ကျွန်တော်က အ သက်တစ်နှစ်ပိုကြီးလို့ အစ်ကိုလို့ပြောမိတာပါ. .၊ တပည့်တစ် ယောက်အနေနဲ့လည်း ဆုံးမပါ. ."

"အဟင်းဟင်း. . ကျေးဇူးပဲ၊ ပြန်တော့မယ်. . ညီမလေး ကျောင်းဆင်းတော့မယ်. . သွားကြိုရဦးမယ်"

"အိုခေ. ."

ကြွေပြန်သွားမှ အမေက ဆိုင်ထဲမှလှမ်းခေါ်၍ သူ ရောက်သွားသည်။

"သား. ."



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ. ."

"အမေ့ကိုပြောစမ်း၊ မင်း သဘောကျနေတယ် မဟုတ်လား"

"ဟာ. . အမေကလည်း"

"အမေကလည်းမလုပ်နဲ့လေ၊ အမေ အကုန်မြင် အကုန်ကြားပါတယ်. ."

နွေဦး ရှက်ရယ်ရယ်ကာ ဆိုင်ပေါ်က ဆင်းပြေးမည်အပြုမိခင်ဖြစ်သူက လက်လှမ်းဆွဲထားပြီး လေသံနှင့်. .

"ကြွေက. . သနားစရာလည်းကောင်း ချစ်စရာလည်းကောင်းတာ အမှန်ပဲသား. .၊ ဒါပေမယ့် ရန်ကုန်မှာ တော်တော်ပျက်စီးလာခဲ့တာလို့ အမေကြားနေတယ်"

"ဒါတော့မဖြစ်နိုင်ဘူးအမေ၊ တကယ်သာပျက်စီးခဲ့ရင် ဆယ်တန်းကို သုံးဘာသာဂုဏ်ထူးနဲ့ အောင်ပါ့မလား. .၊ အမေ့သား အလိမ္မာတုံးကြီးတောင် ကျခဲ့တဲ့အတန်းကို သူကအောင်ခဲ့တာ အမေရ. ."

"အဲ့ဒါတော့ အမေမငြင်းပါဘူး၊ အမေပြောချင်တာက သားသဘောကျနေရင်လည်း အမှန်အတိုင်းသိထားရအောင်လို့ပါ၊ ဒါပေမယ့် သား တစ်ခုတော့ဝန်ခံရမယ်"

"ဘာလဲအမေ. ."

"မင်း တစ်ကယ်သဘောကျနေပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . အမေကလည်း"

နွေဦး ရှန်းကာပြေးပါသည်။ မိခင်ဖြစ်သူ ရယ်ပြီးကျန်ခဲ့သော်လည်း အဆုံးထိရယ်နိုင်ခြင်းမရှိသလို ပင့်သက်နှင့်ဖြည့်ကာ ရယ်ရ၏။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၇)

**တစ်**ရက် သူဆိုင်ကယ်ပြင်နေတုန်း အောင်ထူးတို့ ရောက်လာကြသည်။ သူလည်း မတွေ့ရတာကြာပြီဖြစ်သော သွေးသောက်ညီနောင်ကြောင့် အလွမ်းပြေ လမ်းထိပ်လက်ဘက်ရည်ဆိုင် ထွက်ထိုင်ကြပါသည်။

"မင်းတို့အဆင်ပြေရဲ့လား"

"ဘယ်လိုလုပ်ပြေမှာလဲကွာ"



www.burmeseclassic.com

www.burmeseclassic.com



အောင်ထူး ညည်းတွား၍ မြတ်မိုးက ရှုံ့မဲ့မဲ့နှင့်. .

"အပိုတွေကွာ. . အလကား နွေဦး၊ ငါတို့အဆင်ပြေတယ်၊ အခုမှ ပိုတောင်ဂွတ်နေသေးတယ်၊ လက်ဘက်ရည်ကတစ်နေ့သုံးကြိမ် တန်းနေတာပဲ. ."

"ဟာ. . ဟော့ကောင်၊ မင်းကို မပြောနဲ့လို့ လမ်းမှာပြောထားတယ်လေ. ."

"မပြောရင် နွေဦး စိတ်မကောင်းဖြစ်မှာပေါ့ကွ၊ ဘာပဲပြောပြော သူမရှိလည်း ငါတို့စားနေသောက်နေရတယ်ဆို သူဝမ်းမသာဘူးလား"

"ကဲကွာ. . ပြောတော့"

နွေဦး အကဲခတ်စဉ်းစားကြည့်သော်လည်း နားမလည်နိုင် ဖြစ်နေ၍. .

"ဘာတွေလဲဟ. . ငါ့ကိုလည်းပြောကြပါဦး"

ထိုအခါ အောင်ထူးက. ."

"ဒီလိုကွာ. . ပြောရရင် မင်းနဲ့မိုးခ ပြဿနာတက်တဲ့ 'စာ' ကိုစွ မှတ်မိလား"

"အင်း. ."

"အဲ့ဒီစာက ပိုင်ရှင်ပေါ်သွားပြီ. ."

"ဟေ. . ဘယ်သူလဲ"

"မင်းတို့ရပ်ကွက်ထဲက ခင်မောင်ဦးလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . ဒီကောင်က ဘယ်ကနေဘယ်လို. . "

"ထွန်းဇော်နောင်ကနေတစ်ဆင့် ကြည်သာဆွေကို ပေးခိုင်းတာလေ၊ အဲ့ဒီနေ့က မင်းစာအုပ်ပေးလိုက်တော့ ကြည်သာဆွေ ယူကြည့်သလိုလို ဘာလိုလိုနဲ့ စာညှပ်ထည့်ပေးလိုက်တာလို့ ကြည်သာဆွေကိုယ်တိုင်ပြောတာ"

"ဟာကွာ. . . "

"အေး. . ငါတို့လည်း သိသိချင်းတော့ ဒေါသဖြစ်တယ်ကွ၊ ဒါပေမယ့် ဒီကောင်က ငါတို့ကို လက်ဘက်ရည်နဲ့တောင်းပန်တာဆိုတော့. . "

"အေးပါ မင်းတို့က လက်ဘက်ရည်နဲ့သေမယ့်ကောင်တွေ"

"အမှန်တော့ အဲ့ဒီတစ်ခွက်တည်းနဲ့ဆို ငါတို့လည်း ငူးဝါးလုပ်လွှတ်လိုက်မလို့ပါပဲ၊ အခုဟာက ဆက်ရန်နဲ့ကွ. .၊ သူက မိုးခကို တစ်ကယ်ချစ်နေတဲ့အကြောင်း၊ မိုးခနားမှာ နွေဦးရှိနေတော့ သူမကပ်ရဲတဲ့အကြောင်း၊ အခု. . နွေဦးမရှိတော့လို့ သူအရဲစွန့်ရတာ ဖြစ်တဲ့အကြောင်းပြောပြီး ငါတို့နှစ်ယောက်ကို နေ့တိုင်းအလျော်အစားတွေလုပ်တာ၊ ငါတို့က စာပေးပေးရတာပေါ့၊ စာကလည်း မင်းလက်ရေးနဲ့ တစ်ထပ်တည်းပဲကွာ. . အံ့ရော"

"အဲ့ဒါနဲ့ပဲ မင်းတို့က အောင်သွယ်လုပ်ပြီး စာပေးနေရ



www.burmeseclassic.com

www.burmeseclassic.com



တယ် ဆိုပါတော့”

“စာတော့ဘယ်ပေးမလဲကွ ငါတို့ပဲထိန်းထားတာပေါ့”

“ဟင်. . ခင်မောင်ဦးက မအဘူးနော်ဟေ့ကောင်”

“သိတယ်. . အဲ့ဒါကြောင့် သူတို့ချင်းခင်အောင်တော့ ငါတို့ကျိုင်းပေးထားတယ်၊ ဟိုတစ်ခါ မင်းကြောင့် ကွန်ပါဗူးနဲ့အထုခံထားရတာလည်းရှိတော့ မိုးခလည်းအားနာပြီး အလိုက်အထိုက်ပြောဆိုနေတာလေကွာ. .၊ အမှန်တော့ မိုးခက မင်းကိုပဲ စိတ်ရောက်နေတာကွ”

“နေပါကွာ. . . မင်းတို့လည်း ပို့မယ်ပို့ ကူးတို့ရောက်အောင်သာ ပို့လိုက်ကြ. . ”

“အခုတော့မပေးသေးဘူးကွာ၊ ငါ မိုးခကိုကြောက်တယ်၊ သွားတိုင်ရင် သေပြီ၊ အဲဒါကြောင့် စာတွေစုထားပြီး စာမေးပွဲနောက်ဆုံးနေ့ကျမှ အထုပ်လိုက်ပေးလိုက်မယ် မကောင်းဘူးလား”

“အေး. . ကောင်းတယ်၊ ပါးစပ်ကလည်း ပြောပေးလိုက်၊ မင်းတို့ မတရားမစားနဲ့”

“အေးပါကွ. . မင်းကလည်း၊ ဒါနဲ့ မင်းရောအဆင်ပြေရဲ့လား. . ”

“ပြေပါတယ်. . စာကျက်ချိန်လည်း ပိုရလာတယ်၊ ဒီနှစ်အောင်အောင်ဖြေကြမယ်ကွာ ကြားလား၊ တက္ကသိုလ် အတူတူ



www.burmeseclassic.com

www.burmeseclassic.com



လိုက်မတတ်နိုင်တဲ့ကောင်တော့ ဒီတိုင်းပြည်မှာမနေနဲ့ တစ်ခါတည်းသာ ထွက်ပြေးတော့. ."

"အေးပါ. . ငါတို့လည်း မီးကုန်ယမ်းကုန် ချနေပါတယ်၊ အခုလည်း မင်းဘယ်လိုလဲဆိုပြီးလာကြည့်တာ. ."

"ငါ အဆင်ပြေတယ်. ."

သည်နောက်ပိုင်း စာမေးပွဲအတွက် ပြင်ဆင်သည့်ကာလဖြစ်၍ ကိုယ့်အချိန်နှင့်ကိုယ်လုကာ မတွေ့ဖြစ်ကြ။ နွေဦးအတွက် ကြွေက ဂရုစိုက်ပေးကာ. . ဘာသာစုံ Guide ဝင်ပေးဖို့ သူ့ညီမဝမ်းကွဲအုပ်စုနှင့် တစ်ချိန်တည်းညှိပေးသည်။

ပင်ပန်းလို့ပဲလား. . ၊ စာမေးပွဲနီးလာသည်နှင့်အမျှ ကြွေ၏ကျန်းမာရေးက ပို၍ဆိုးဝါးလာခဲ့သည်။ ချောင်းတွေတအားဆိုးကာ စာသင်လို့တောင်မရတော့သဖြင့် နှစ်ကျဖြစ်သောနွေဦးကပင် Guide ဝင်ကူကာသင်ရသည်။ ကိုယ်လည်း လေ့ကျင့်ပြီးသားဖြစ်သွား၍ နွေဦးအတွက် အဆင်ပြေပါသည်။

Chemistry တစ်ဘာသာကလွဲလို့ ကျန်တဲ့ဘာသာအားလုံး သူဝင်သင်နိုင်သော်လည်း ထိုတစ်ဘာသာကိုတော့ ကြွေနေမကောင်းသည့်ကြားက ကြိုးစား၍ ပြပေးရှာပါသည်။

ဤသို့ဖြင့်. . .





www.burmeseclassic.com

www.burmeseclassic.com

အမှန်တရားပေမို့

ခံစားလို့ခုံမင်...

ယုန်ထင်ပြီး ကြောင်ထင်

တုန်ရင်ပြီး ချောင်ဝင်တယ်

အမှောင်မြှင်မှ ကြောက်သဟာဖြင့်

နောက်တစ်ခါ မခံရအောင်

ကြံသမျှ ကျားကန်ဖစ်လည်း

အမှားခံမပါတဲ့ ဆော့တစ်လို့...

ဗျစ်ခနဲကွဲ....။ ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၈)

"ဖြေနိုင်ရဲ့လားသား"

"ဒီနှစ်တော့ စိတ်ချနေလိုက်တော့အမေ၊ သား အောင်ပြီ"

ဒီစကားအတွက် ဝမ်းသာအဲလဲမဖြစ်ဘဲ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး တစ်ခုခုကိုမြိုသိပ်ထားကြပုံရ၍. .

"အမေတို့ဘာဖြစ်လို့လဲဟင်"

"ဘာမှမဖြစ်ပါဘူး. . သားရဲ့၊ သားထမင်းစားပြီး တစ်



www.burmeseclassic.com

www.burmeseclassic.com



ရေးလောက်အိပ်လိုက်ပါဦးလား"

"မအိပ်တော့ဘူးအမေ. . သား ကြွေ့ဆီခဏလောက် သွားလိုက်ဦးမယ်၊ သားဖြေနိုင်တယ်ဆိုတာသိရင် သူဝမ်းသာမှာ အမေရ"

"ကြွေ. . ဒီမနက်ဘဲ အခြေအနေအရမ်းဆိုးလို့ ဆေးရုံတင်လိုက်ရတယ်"

"ဗျာ!. ."

ညည့်ခန်းလေးထဲ ရုတ်ချည်းငြိမ်ကျသွားပြီးမှ. .

"ဟာ. . အမေ အရမ်းနောက်တာပဲ"

ထိုအခါ ဖခင်ဖြစ်သူက. .

"အဖေတို့လည်း စိတ်မကောင်းပါဘူး၊ ဘာပဲဖြစ်နေနေ သားအတွက် ကျေးဇူးရှိဖူးသူလေးဖြစ်နေတာမဟုတ်လား၊ ဩော် ဒီမှာ သားအတွက် စာတစ်စောင်ပေးသွားတယ်. ."

နွေဦး ဘယ်လိုမှမဖြေနိုင်တော့စွာ ခြံထဲပြေးဆင်းလာခဲ့တော့သည်။ အပင်မှာ ကြွေလုလုဖြစ်နေသော ပန်းပွင့်တစ်ချို့အား ရူးသွပ်စွာဆွတ်ချေပစ်မိသည်။

ပန်းကြွေချင်ကြွေ. . မင်း မကြွေရဘူး ကြွေ. . .။

ရင်ထဲဆို့ကျစ်တက်လာသော နာကျင်မှုဝေဒနာအား အံကြိတ်မြိုချရင်းက သူမပေးခဲ့သောစာကို ဝေဝါးစွာ ဖွင့်ဖတ်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြွေ နှုတ်ဆက်တာပါ....

ကိုနေဦး ဒီနှစ်အောင်ပြီလို့ မြွေ ယုံကြည်လိုက်ရတာလည်း ဝမ်းသာတယ်၊ ကိုနေဦးနဲ့ ခင်မင်ရင်းနှီးလိုက်ရတာလည်း ဝမ်းသာတယ်..၊

မြွေ့ဘဝမှာ ယောကျ်ားတွေလောက် ရက်စက်ရိုင်းစိုင်းတာ, ယုတ်မာတာ မရှိဘူးလို့ ထင်ခဲ့သမျှ ကိုနေဦးကြောင့် ယောကျ်ားအားလုံးကို ရောထွေးမုန်းတီးလိုစိတ်တွေ ပျောက်ခဲ့ရတာပါ၊ မသေခင် နူးညံ့ယဉ်ကျေးတဲ့ ယောကျ်ားတစ်ယောက်နဲ့ ခင်ခွင့်, ရင်းနှီးခွင့် ရလိုက်တဲ့ကျေးဇူးလေ..၊ အဲ့ဒီယောကျ်ားမျိုးကိုမှ ရမ်းရမ်းကားကား ပြုခဲ့မိတဲ့အပြစ်ကိုလည်း ဝန်ခံရဦးမယ်..၊

ကိုနေဦး မှတ်မိမှာပေါ့၊ မိုးဦးတုန်းကလေ..၊ ဒီရက်ကွက်ရဲ့ လမ်းကွေ့တစ်ခုမှာ ဆိုင်ကယ်နဲ့ ဗွက်ရေတွေ ပက်စင်သွားပစ်ခဲ့တဲ့ ကောင်မလေးပေါ့၊ ဆံပင်ရှည်ရှည် အဝါရောင်ဆိုင်ကယ်လေးနဲ့..၊ မြွေ့အထင် အဲ့သလို လုပ်လိုက်ရင် ရိုင်းစိုင်းတဲ့ယောကျ်ားတွေရဲ့ ဟိန်းဟောက်သံမျိုး ကြားရမယ်၊ ကြားရင် မြွေလည်း ဆိုင်ကယ်ရပ်ပြီး အပျင်းပြေရန်ဖြစ်လိုက်မယ်ပေါ့..၊ ဒါပေမယ့် မြွေထင်တာနဲ့ တစ်ခြားစီပနော်..၊ လမ်းကြားတစ်ခုကနေ စောင့်ကြည့်တော့ အောက်တစ်ပိုင်းလုံး ပေပေရေရေနဲ့ စက်ဘီးကယ်ရီယာပေါ်ကလဲ စာအုပ်တွေညစ်ပတ်လို့၊ တည်တည်ငြိမ်ငြိမ်ပဲ စက်ဘီးနင်းပြီးပြန်သွားတာ..ကျူရှင်သွားမလို့ထင်ပါရဲ့၊ ဘယ်လောက်များ စိတ်အနှောင့်အယှက် ဖြစ်လိုက်မလဲ..၊

သတ်ပစ်ချင်လောက်အောင် မုန်းနေမလားဟင်..၊ ဒါပေမယ့်..



www.burmeseclassic.com

www.burmeseclassic.com



တွေ့အမြင်မှာတော့ ကြွေမမြင်ဖူးတဲ့ယောကျ်ားတစ်ယောက် မဟုတ်လား။ ကြွေ..အဲ့ဒီအချိန်ကစပြီး လိမ္မာခဲ့တာပါ၊ ရေကန်ထဲတွန်းချပစ်တာ အဲ့ဒီဆိုင်ကယ်ပေါ့၊ ဆံပင်ကိုလည်း ဖြတ်ပစ်လိုက်တယ်၊ ကြွေ အားလုံးကိုမေ့ပြီး ဘဝကို တစ်ကပြန်စဖြစ်သွားတယ်၊

ဒါပေမယ့် ကြွေဆိုးခဲ့မိုက်ခဲ့တဲ့အရိပ်က ကြွေ့ကို အလင်းရောင်အောက် ထွက်ခွင့်မပေးဘူးလေ၊ အဲ့ဒါကြောင့် အစောကြီး ကြွေရတယ် ထင်ပါရဲ့၊ စိတ်ရင်းနဲ့ပြောရရင် ကြွေနေချင်သေးတယ်၊ ပြန်စတဲ့ဘဝကို လျှောက်ရင် ပျော်စရာကောင်းမယ်ဆိုတာ သိတယ်၊

ကျွန်မတကတ်မယ့်တက္ကသိုလ်ကို ကိုနှေဦး လိုက်တက်ပါလားဆို့ ပြောဖို့တောင် စိတ်ကူးထားတာပါ၊ ခုတော့ အဲ့ဒီစိတ်ကူးတွေအားလုံး ကြွေ ပြန်ယူသွားရတော့မယ်ထင်ပါရဲ့၊ ဒီနေ့ စာမေးပွဲ နောက်ဆုံးနေ့နော်..၊ ကိုနှေဦး ပျော်ပြီးအပြေးရောက်လာမှာ ကြွေသိတယ်၊ ကြွေလည်း အဲ့ဒီ မြင်ကွင်းလေးကို မြင်ချင်တယ်၊ ဒါပေမယ့် မလာပါနဲ့လို့ ကြွေ တောင်းပန်ပါရစေ၊ ကြွေရှက်လို့ပါ၊ မလှပတဲ့ ကြွေ့ဘဝရဲ့ နောက်ဆုံးအချိန်တွေ နာကျည်းထိတ်လန့်စရာကောင်းတဲ့ ညည်းတွားအပြစ်တင်သံတွေကို ကြွေတန်ဖိုးထားတဲ့ ယောကျ်ားတစ်ယောက်ရဲ့အသိအာရုံဆီ မကူးစက်မလောင်ကျွမ်းစေချင်လို့ပါ..၊

တစ်ခုပြောပြချင်တာ ကြွေ့ဘဝဇာတ်သိမ်းမလှတဲ့ ရောဂါဆိုးကို ကြွေ လိုအပ်လို့ ရခဲ့တာမဟုတ်ပါဘူး၊ ယောကျ်ားတစ်ယောက်ရဲ့ အချွ ဖျက်ဆီးမှုပါ၊ အထိန်းအကွပ်မရှိ ညဘက်တွေထွက်လည်ရင်း ကလေးကအငြိ



www.burmeseclassic.com

www.burmeseclassic.com



မူးနေတဲ့အချိန်မှာရခဲ့တဲ့ ယောကျ်ားတစ်ယောက်ရဲ့အဆိပ်ပါ၊ ကြွေက မိဘမဲ့ ခလေလွင့်ဂှက်ဆိုတော့ ခံရမှာပေါ့၊ ဒီလိုမျိုး အဆိပ်သင့်ခံရတဲ့ ကြွေ့လိုဘဝတူ တွေ ဘယ်လောက်တောင်ရှိဦးမလဲ မသိဘူးနော်၊ သနားလိုက်တာ...၊

ဒီစာကို ကိုနွေဦးလက်လှမ်းမီသလောက် ပေးဖတ်ပါ၊ ကြွေ့လို ဘဝဆိုးနဲ့အဆုံးမသတ်ရအောင် သင်ခန်းစာယူကြပါစေ၊ မယုံကြည်နိုင်စရာ တွေများပေမယ့် ယုံကြည်စရာတစ်ခုလည်း ရှိနေတယ်ဆိုတာ သိပါစေ၊ ကိုနွေဦးလည်း ကြွေ့အတွက် အသက်တာအဆုံး အကောင်းဆုံးအသက်ရှင် နေထိုင်ပေးပါနော်...။

ခင်တဲ့...

ကြွေ

တစ်ဘဝလုံး ကြွေကျသွားသလို ခံစားလိုက်ရသော နွေဦးအတွက် ကြွေ၏နှုတ်ဆက်ခြင်းစာတစ်စောင်ပေါ်မှာ မျက် ရည်စက်ပေါင်းများစွာ ကြွေပျက်ခဲ့ရပြီးမှ သတိရစွာ ငိုညည်းမှု အားလုံး မြို့ချကာ ထရပ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အချစ်..၊ အမုန်း...၊

ဤနှစ်လုံးကား....

R တေးလည်းမရ...၊ ကာလို့လည်းမပြီး...၊

ဆီးရိုးချခဲ့...

လှဲ့ကိုလှဲ့ပြီး...

ကွဲနေတာပဲ ကောင်းတော့သည်....။ ။

www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၉)

"**ဟေ့** သား. . ဘယ်လဲ"

ကျောပိုးအိတ်ထဲ အဝတ်အစား သုံးလေးစုံ ထိုးထည့်ပြီး အရေးတကြီးပြေးဆင်းလာသော နွေဦးခြေလှမ်းတွေ တုန့်ခနဲ ရပ်ရင်း. . .

"သားဆေးရုံကိုလိုက်သွားမယ် အမေ"

"ဟင်!. . "



www.burmeseclassic.com

www.burmeseclassic.com



မိခင်ဖြစ်သူ၏မျက်နှာ လင်းခနဲ ညိုခနဲ ဖြစ်ကုန်ကာ သူ့ထံပြေးလာသည်။

ထို့နောက်မှ ကတုန်ကယင် ဖြစ်နေသံနှင့် . .

"သား အမေပြောတာ သေချာနားထောင်ပါ၊ ကြွေဖြစ်တဲ့ရောဂါက သာမန်မဟုတ်ဘူးသား၊ အမေ အကုန်ကြား အကုန်သိပြီးပြီ၊ အခုတက်တဲ့ဆေးရုံကလည်း အဲ့ဒီရောဂါသည်တွေချည်း သီးသန့်ထားတဲ့နေရာလေ၊ မင်းရောက်သွားရင် အဲ့ဒီရောဂါ မကူးစက်ဘူးလို့ မပြောနိုင်ဘူး၊ အမေရင်ကျိုးရလိမ့်မယ် သားရယ် မသွားပါနဲ့နော်"

နွေဦးငုံ့ထားသောမျက်နှာကို မော့လှန်ကာ အသက်ပြင်းပြင်းတစ်ချက် ရှူသွင်းပစ်လိုက်သည်။

ပြီးမှ မိခင်၏မျက်နှာကို တိုလျိုးစွာ ငုံ့ကြည့်ပြီး . . .

"အမေ့စကားကို သား ပထမဦးဆုံးနဲ့ နောက်ဆုံးအကြိမ်အဖြစ် ငြင်းဆန်ခွင့်ပြုပါအမေ၊ သား အားလုံးကိုသိထားပါတယ်၊ ဘယ်လိုအခြေအနေမျိုးမှာမဆို ကြွေ့ဘေးမှာ သားရှိမှ ဖြစ်လိမ့်မယ်"

"မဟုတ်သေးဘူးသား"

"ခဏလေး အခုကြွေ့ကို ဆေးရုံပို့လိုက်ကြတာ ဒီကနေ ဘယ်သူတွေလိုက်သွားသလဲ၊ ဘယ်သူတွေပါသွားသလဲ"

သူ့မေးခွန်းကို အမေ ရုတ်ချည်းပြန်မဖြေနိုင်ဘဲကိုက



www.burmeseclassic.com

www.burmeseclassic.com



အဖြေဟု သူနားလည်ကာ. .

"သား ပြောချင်တာ အဲ့ဒါပါ၊ ဒီရောဂါကို လူတွေရွံ့ကြ ကြောက်ကြတယ်၊ ဒီရောဂါ ကူးစက်ခံထားရတဲ့သူဟာ အလိုအလျောက် လူ့ပတ်ဝန်းကျင်ထဲကနေ ဆွဲထုတ်ခံလိုက်ရတယ်၊ ကိုယ့်သွေးသားရင်းခြာတွေကတောင် စွန့်ပယ်နိုင်ရင် စိမ်းသူတွေအတွက် ပိုပြီးလွယ်ကူတဲ့ ကျောခိုင်းမှုမျိုး ဖြစ်မှာပဲ၊ အဲဒီမှာ သားစဉ်းစားတာ လူသားချင်း၊ ဘဝချင်း၊ ခံစားမှုခြင်း၊ စာနာနားလည်ပြီး အကူအညီပေးနိုင်မှု တစ်ခုခုပါအမေ၊ ခုချိန်မှာ ကြွေ့အတွက် အားပေးကူညီဖော် လိုအပ်နေတယ်၊ သား သွားမှဖြစ်မယ်"

"သား သွားပါစေမေကြီးရာ ခွင့်ပြုလိုက်ပါ"

အဖေ့အသံကြောင့် အမေ ချာခနဲ လှည့်ကြည့်ပြီး. . .

"ရှင်. . ရှင်. . ဘယ်လိုစကားမျိုး ပြောလိုက်တာလဲ"

"ကိုယ်ချင်းစာတဲ့စကားပါ မိန်းမရာ၊ ကြွေ့နေရာမှာ မင်းသို့မဟုတ် ငါသို့မဟုတ် သားလေးသာဖြစ်ခဲ့ရင်ဆိုတဲ့ ကိုယ်ချင်းစာစိတ်ပါ"

လေးနက်ပိုင်းခြားစွာ ထွက်ပေါ်လာသော အဖေ့စကားသံအဆုံးမှာ အမေ မျက်ရည်ကျလေသည်။

အဖေ သူ့ကိုတစ်ချက်ကြည့်ပြီး ပုခုံးလှမ်းဖက်ကာ ခြံအပြင်ဘက် ခေါ်ထုတ်လာခဲ့သည်။ အပြင်ရောက်မှ အဖေ ပင့်သက်တစ်ချက်ရှိုက်ယူရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"ငါ့သားဆုံးဖြတ်တာ မှန်ပါတယ်၊ ကြွေ့ဘေးမှာ အဖော် လိုတယ်၊ ဒါပေမယ့်လည်း တအားကြီးတော့ စိုးရိမ်မှု မဖြစ်ပါနဲ့၊ ခေတ်ကာလပြောင်းနေတဲ့အတွက် လူတွေရဲ့ အတွေးအမြင်တွေ လည်း ပြောင်းနေပါပြီကွယ်၊ ဟိုတုန်းက HIV/AIDS ရောဂါ သည်ဆိုရင် လူတွေက ချေးရွံသလိုရွံကြတာ၊ အသိပညာ ဗဟု သုတ အားနည်းသေးတဲ့ အချိန်အခါဆိုတော့ အဆိုးဆုံးအမြင် တွေနဲ့ ပယ်ကြတာပေါ့၊ တချို့သူဌေးတွေဆိုရင် ရောဂါရှင်အမည် ဖော်ရမှာကြောက်လို့ ART ဆေးကို ခိုးကြောင်ခိုးဝှက် ဝယ် သောက်ကြတယ် သားရဲ့၊ အဲ့ဒီတုန်းက ART မှောင်ခိုဈေးကွက် ကြီးတောင် ဖြစ်သေးတော့"

"ဗျာ!.."

"ဈေးကွက်ဆိုတာ ဟိုလိုဈေးကွက် ပေါ်ပေါ်ထင်ထင်ကြီး တော့ မဟုတ်ဘူးပေါ့၊ ဝေဘာဂီဆေးရုံနဲ့နီးတဲ့ လက်ဘက်ရည် ဆိုင်တို့ စားသောက်ဆိုင်တို့မှာ ဆေးပွဲစားတွေရှိတယ်"

"သူတို့က အဲဒီဆေးကို ဘယ်ကရသလဲ အမေ"

"ပြောပြမယ်၊ ရင်နာစရာကောင်းတဲ့ ကိစ္စတွေလည်းရှိ တယ်သား၊ အမေနဲ့သိတဲ့ ကုလားလေး မရမ်းသီးအကြောင်း ပြောပြမယ်၊ ဒီကောင်က အရင်တုန်းက ရန်ကုန်မြို့ထဲမှာ ပဲသုတ် တို့ ဆမူဆာသုတ်တို့ ရောင်းတယ်ကွဲ၊ မိသားစုကလည်းချွေး စီးပွားရေးကလည်း အဆင်မပြေတော့ ရပ်ကွက်ထဲမှာ သူ့မိသားစု



www.burmeseclassic.com

www.burmeseclassic.com



ဝင်တွေ တအားကိုမျက်နှာငယ်ရတာပေါ့၊ တစ်နေ့ သူ့သမီးလေး နှစ်ယောက် အိမ်ကိုငိုပြီးပြန်လာလို့ ကြည့်လိုက်တော့ ခြေထောက်မှာ ခွေးကိုက်ထားတဲ့ဒဏ်ရာလည်းမြင်တော့ မရမ်းသီး ဆွေ့ဆွေ့ ခုန်ရောကွ၊ မေးကြည့်တော့ သူတို့နောက်လမ်းက တီဗီရှိတဲ့အိမ်မှာ အခွေကြည့်နေကြလို့ သူတို့ညီအစ်မ ခြံစည်းရိုးနားကနေ ရပ်ပြီးကြည့်တာကို ခွေးနဲ့ရှူးတိုက်လွှတ်လို့ အကိုက်ခံရတာတဲ့၊ အဲ့ဒီမှာ မရမ်းသီး ဆုံးဖြတ်လိုက်တယ်၊ ပိုက်ဆံကိုရအောင်ရှာမယ်ဆိုပြီးတော့ပေါ့၊ သူက လမ်းဘေးဈေးသည်ဆိုတော့ကာ. . သတင်းစုံ အသိစုံတယ်၊ ပိုက်ဆံကိုအ လွယ်ကူဆုံး ရှာတဲ့နည်းကို ရွေးလိုက်တယ်၊ တခြားမဟုတ်ဘူး. . HIV ပိုး ကူးစက်ခံရဖို့ အမြန်ဆုံးကြိုးစားတဲ့ နည်းလမ်းပဲ သား”

ငွေဦးအံ့အားသင့်ကာ လျှောက်နေသော ခြေလှမ်းတွေ ပင် ရပ်သွားသည်။

“အဖေ. . ဘယ်လိုကြီးလဲဗျ”

အဖေပြုံးသော်လည်း နာကျင်သော အရိပ်အငွေ့က လျှံနေသည်။

“ဒီပိုးကူစက်ခံရမှ ဆေးရုံမှာ လူနာအမည်စာရင်း ဝင်နိုင်မယ်၊ အမည်စာရင်းဝင်မှ ကာကွယ်ဆေးကို တရားဝင်ထုတ်ယူလို့ရမယ်၊ ဆေးရမှ ဈေးကွက်ထဲက အမည်မဖော်ရဲတဲ့ နောက်ဂါ သည် သူဌေးတွေကို ဈေးကောင်းတောင်းပြီး ရောင်းလို့ရမယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဆေးတစ်လစာ ထုတ်ရောင်းနိုင်ရင် အိမ်ကမိန်းမကို ရွှေတောင် ဝယ်ဆင်ပေးနိုင်တယ်၊ အဲ့ဒီနည်းလမ်းနဲ့ မရမ်းသီးက သူ့မိသားစု ကို ရပ်ကွက်ထဲမှာ တင့်တင့်တယ်တယ်ဖြစ်အောင် ထားသွားခဲ့ တယ်သား၊ မရမ်းသီး အဲ့ဒီပိုး ကူးစက်ခံပြီဆိုတာ သိတဲ့နေ့က ဆေးရုံကနေ ဂျွမ်းထိုးပြီးထွက်လာတာ. . ဝမ်းသာလွန်းလို့တဲ့၊ ငါ့သားသမီးတွေအတွက် အပေါ်စက်အောက်စက် ဝယ်ပေးနိုင်ပြီ တဲ့၊ သူ့မိန်းမ ကားမနီးလည်း ရေသန့်ဘူး လိုက်ကောက်ရောင်း ခိုင်းစရာ မလိုတော့ဘဲ ရွှေတစ်ဆင်စာဝတ်ပြီး အိမ်ရှေ့ခန်းက ဆက်တီခုံမှာ အငြိမ့်သား ထိုင်ခိုင်းထားလို့ ရပြီတဲ့၊ ဒီနှစ် ခနိမမိုး ဘဲ သွပ်မိုးနိုင်ပြီတဲ့”

“တကယ်ပဲလား အဖေရာ”

“တကယ်ပေါ့သား၊ မရမ်းသီး တကယ်လုပ်သွားခဲ့တာ၊ အဲ့ဒီရောဂါနဲ့ သူ့မိသားစုကို ရပ်ကွက်ထဲမှာ ခေါင်းမော့လမ်း လျှောက်နိုင်အောင် အလုပ်အကြွေး ပြုသွားခဲ့တာ၊ အဖေထင် တယ်. . တစ်နှစ်လောက်ပါပဲ၊ မရမ်းသီးမိသားစု အရင်းအနှီး ကောင်းကောင်းနဲ့ စီးပွားရှာနိုင်တဲ့အခြေအနေ ဖြစ်လာချိန်မှာ မရမ်းသီးကတော့ အဲ့ဒီဝေဒနာနဲ့ပဲ ဆုံးပါးသွားခဲ့တယ်ကွ၊ အဲ့ဒီ တော့မှပဲ မရန်းသီးမိသားစုက မရန်းသီးမှာ ဒီရောဂါရှိမှန်းသိ တာ၊ အဲ့သလိုကြေကွဲစရာ ဇာတ်လမ်းတွေကတော့ အများကြီး ပါပဲ”



www.burmeseclassic.com

www.burmeseclassic.com



နွေဦး အဖေ့ကို သေချာစေ့စေ့ ကြည့်မိသွားသည်။ ဒါတွေ အဖေဘယ်လိုသိတာလဲ။နွေဦး အတွေးမဆန့်ခင်မှာပင် ဖခင်ဖြစ်သူက. . .

"သေချာတာကတော့ ဒီရောဂါဖြစ်နေလည်း ဒီခေတ်မှာ လူ့သက်တမ်းအဆုံးအထိ နေသွားခွင့်ရအောင် လုပ်နိုင်ပြီဆိုတာ ပဲကွ သား၊ တစ်ခုတော့ရှိတယ် ဆရာဝန်ညွှန်ကြားချက်အတိုင်း နေထိုင်စားသောက်ပြီး ဆေးမှန်မှန်သောက်နိုင်ဖို့လိုတယ်၊

ပြီးတော့ ရောဂါသည်တွေကိုနွေးထွေးပြီး အဆုံးအထိ စောင့်ရှောက်ပေးနိုင်တဲ့ လူမှုကူညီရေးအသင်းအဖွဲ့တွေ အများ ကြီးထွက်ပေါ်လာတော့ကာ သူတို့တွေအတွက် အများကြီးအ ထောက်အကူ ဖြစ်လာပြီပေါ့ကွာ၊ အဲဒါကြောင့် တအားကြီး မစိုး ရိမ်နဲ့လို့ အဖေကပြောတာ"

"ဟုတ်. . ဟို. . သားတစ်ခုလောက် မေးလို့ရမလား"

"အေး. . မေလေသား ဘာမေးမလဲ"

"အဖေသိတာ အရမ်းများနေလို့ အဖေဘယ်လိုလုပ်သိ တာလဲ"

"ဒါလား"

ဖခင်ဖြစ်သူစကားသံ ပြတ်ကျသွား၍ နွေဦး အလန့် တကြား လှမ်းကြည့်သည်။ အဖေ့မျက်နှာပေါ်မှာ တစ်ခုခုကို သူအကဲခတ်နိုင်မှာကိုလည်း ထိတ်လန့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်မှာပင်. . .

"အဖေလည်း ART ဆေး အမြဲသောက်နေရတဲ့ HIV ရောဂါသည်ပဲသား"

"ဗျာ!. ."

နွေဦး တစ်ကိုယ်လုံး ဟုန်းခနဲ မြောက်တက်သွားပြီး တစ်ဖန် ဝုန်းခနဲ ပြုတ်ကျလွင့်ခါထွက်သွားသလို ခံစားလိုက်ရသည်။ အဖေသာ သူ့ပုခုံးကို အချိန်မီ ဖမ်းဆုတ်မထားနိုင်လျှင် အရုပ်ကြိုးပြတ် ပစ်ကျသွားမှာ သေချာပါသည်။ သူ၏ခြေအစုံပေါ်မှာ သူရပ်နေနိုင်ဖို့ ခက်သွားသည်။

"ဒီရောဂါကို သားလေးမွေးပြီး တစ်နှစ်သားလောက်မှာ အဖေရခဲ့တာပါ၊ အဲ့ဒီတုန်းက အဖေကားအက်ဆီးဒင့်တစ်ခုဖြစ်လို့ အရေးပေါ်သွေးသွင်းကုသခံရတယ်၊ သွေးထဲမှာ အဲဒီပိုး ပါလာခဲ့တာပဲသား၊ ဒါကို သားအမေလည်းသိတယ်၊ အဖေတို့နောက်ထပ် သားသမီးမယူဖြစ်တော့တာလည်း အဲ့ဒါကြောင့်ပါ၊ ကြွေ့မှာ ဒီရောဂါရှိနေပြီဆိုတော့ကာ သားအမေက သားအတွက် အရမ်းစိုးရိမ်သွားတယ်၊ အဖေ့ရဲ့ လူဖြစ်ရှုံးရတဲ့ ဝေဒနာကို သူကောင်းကောင်းသိနေခဲ့တာမဟုတ်လား အဲ့ဒါပါ၊

ဘာပဲဖြစ်ဖြစ် သား ကြွေ့ဆီကိုသွားပါ. . ၊ အားပေးပါ စောင့်ရှောက်ပါ၊ ရောဂါပိုး ကူးစက်နိုင်တဲ့ အခြေအနေအားလုံးကို သားလည်းသိမှာပဲလေ၊ သတိဝီရိယနဲ့ ရှောင်ရမှာပေါ့၊ အဲ့ဒီ. .



www.burmeseclassic.com

www.burmeseclassic.com



သားသွားတော့”

ပြောပြီး ဖခင်ဖြစ်သူ အိမ်ဖက်ပြန်လှည့်ထွက်သွားသည်။

သူရော. . ကြွေ့ဆီ အရေးတကြီးသွားနှင့်လိုသည့်စိတ်နှင့် သွားနေပြီလား၊ သို့မဟုတ် နေရာမှာတင် ရပ်နေသေးလားဆိုတာ သူ့ဘာသာသူမသေချာ၊ သေချာသည်က ပကတိအခြေအနေနှင့် သူ၏အသိစိတ်တို့ ပူးတုန်ခွာလှည့် ဖြစ်နေခြင်းပင်တည်း။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၀)

လူနာခုတင်ပေါ် ခွေခွေကလေးအိပ်ပျော်နေသော ကြွေ့ကိုကြည့်ပြီး သူ့ရင်ထဲ ဆို့နစ်ကာသွားသည်။ ဟိုးတုန်းက တစ်ခုချင်းဆီကို လှနေသော ကြွေ့ခန္ဓာကိုယ်ပေါ်က အလှတရားတွေ တစ်ခုပြီးတစ်ခု ကြွေကျကုန်သလား မသိနိုင်ပြီ။ သူရောက်နေတာကိုပင် ကြွေမသိ၊ ဆေးရှိန်နှင့် ဝေဒနာသက်သာရာရသလို မှေးမှိန်နေခြင်းအား သူနားလည်စွာ ကြွေ့ကုတင်ဘေးကခုံမှာ



www.burmeseclassic.com

www.burmeseclassic.com



တိတ်တဆိတ် ဝင်ထိုင်နေခဲ့သည်။

အနားမှာ ကျွန်တော်ရှိနေပြီကြွေ။

ကြွေ့ကို ကျွန်တော့်မျက်လုံးရှေ့မှာ ကြွေခွင့်မပေးဘူး ကြွေ. .။ ကျေးဇူးပြုပြီး အားမလျှော့လိုက်ပါနဲ့. .။

လောကမှာ ထာဝရအမှောင်ဆိုတာ မရှိဘူး၊ ထာဝရ အလင်းဆိုတာလည်း မရှိဘူးကြွေ၊ ကြွေ့ကို အမှောင်ထဲက ထွက် ခွင့်မပေးဘူးဆိုတာ ကျွန်တော်လက်မခံဘူး. .၊ ထွက်လို့မရရင် ကျွန်တော်ဆွဲထုတ်မယ်။

အဖေတောင် ဒီကနေ့အထိ လူကောင်းတစ်ယောက်လို အသက်ရှင်ခွင့် ရနေသေးရင် ကြွေလည်းဘာကြောင့်မရရမလဲ။

ကြွေ အသက်ရှင်ရမယ်။

ကြွေ နေ့ချင်သေးတဲ့ ဘဝကြီးထဲမှာ ကြွေ ရှိကိုရှိရမယ်။

ကြွေ နေကောင်းလာပြီး ဆေးရုံက ပြန်ဆင်းနိုင်တဲ့အထိ ကျွန်တော်ရှိမယ်။

BURMESE CLASSIC

ကျွန်တော်တို့မြို့လေးကို ကြွေနဲ့အတူတူ ပြန်ကြမယ်။

အဲ့ဒီနေ့မှာပဲ ကြွေ့ကိုကျွန်တော် လက်ထပ်ခွင့်တောင်း မယ်။

ကြွေဘဝကို အသက်တာအဆုံးအထိ ငြိမ်းချမ်းပျော်ရွှင် နေအောင် ကျွန်တော်ထွေးပွေ့မယ်။

ကြွေ ဘာဖြစ်ချင်လဲ၊ ကြွေ ဘာလုပ်ချင်လဲ. . အရင်လို



www.burmeseclassic.com

www.burmeseclassic.com



ခတ်ကဲကဲဘဝမျိုးနဲ့ ဖြတ်သန်းမလား. . .။

ဒါမှမဟုတ် ကြွေနဲ့ ကျွန်တော်. . .

အား. . ဟုတ်ပြီ၊ ကြွေက စာအသင်အပြ ကောင်းတယ်လေ၊ ကြွေက ဆရာမကြီးလုပ်၊ ကျွန်တော်က Guide ဆရာလုပ်၊ အဟုတ်ဟုတ်. . ဟုတ်တယ်၊ အဲ့ဒါဆို အရမ်းပျော်စရာကောင်းမှာ. . သိလား. . ကြွေ။

"ဒီက ညီလေးက ပိုင်ရှင်လား"

"ဗျာ!. ."

နွေဦးလှည့်ကြည့်လိုက်တော့ ဆေးရုံဝန်ထမ်းနှစ်ဦး ဖြစ်နေ၍. . .

BURMESE CLASSIC

"ဟုတ်. . ဟုတ်ပါတယ်"

"ဒါဆို အစ်ကိုတို့ကို အလောင်းသယ်ခွင့်ပြုပါ၊ သိပ်ကြာသွားရင် တောင့်တင်းကုန်တော့ အခွေလိုက်လေး ဖြစ်နေမှာစိုးလို့ပါ"

"ဘာ!. . ဘာ!. . ဘာ!. . ခင်ဗျား ဘာပြောတယ်"

"ညီလေးရောက်တာ နောက်ကျတယ်ထင်တယ်၊ လူနာက လွန်ခဲ့တဲ့ နာရီဝက်လောက်ကပဲ ဆုံးသွားပြီ"

"ဟင်!. ."

နွေဦး မယုံကြည်နိုင်သလို ငုံ့ကြည့်ပြီး ကြွေ့ကို ပွေ့ထူဖို့ ပြင်ခိုက် ဝန်ထမ်းတစ်ဦးက အလျင်အမြန် ဆွဲဖယ်ပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



"ညီလေး ဒါအန္တရာယ်နော်၊ ကိုယ်တို့တောင် ပိုးသတ်ဝတ်စုံအပြည့်နဲ့ ကိုင်တွယ်ရတာ၊ ငိုချင်ရင်လည်း ခတ်လှမ်းလှမ်းလေးက. . ငိုကွာ၊ ကဲ. . မ,ပြီးလှည်းပေါ်တင်ရအောင်"

"ကြွေ. . ဟာ. . မဟုတ်သေးဘူးလေ၊ အစ်ကိုတို့ နေပါဦး. . ခဏလေးပါဗျာ၊ ကြွေ. . ကြွေ. . "

"ကြွေ. ."

"ကြွေ. ."

ကြွေ. . . ကြွေ. . . . ။

BURMESE CLASSIC .com

နတ်ရှာမိုး



www.burmeseclassic.com